ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၁၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ မိသားစု ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျန်းမာရေး စစ်ဆေးရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဆေးစစ်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ မျက်စိခွဲ။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဖခင်ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များက ဆက်လက် ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၀၇။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ထောက်ခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ လူဦးရေထူထပ်ပြီး အမျိုးဘာသာကွဲပြားတဲ့ နိုင်ငံကြီးများအကြားမှာ တည်ရှိပြီး ပြည်တွင်းမှာလည်း ဘာသာကြီး(၅)မျိုးရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးလာပြီး နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုဆက်ဆံရေး မြင့်တက်လာမယ့် အလားအလာရှိတာကြောင့် ကိုးကွယ်ရာ ဘာသာကူးပြောင်းမယ့်သူများ များပြားလာမယ့် အလားအလာလည်းရှိပါတယ်။ အဲဒီအခါမှာ ဘာသာကူးပြောင်းသူတွေမှာ အခွင့်အရေးမဆုံးရှုံးရအောင်နဲ့ ရှုပ်ထွေးမှုမရှိအောင် ကြိုတင်ပြီးတော့ ဥပဒေတွေကို ပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။

အခု ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းရဲ့ရည်ရွယ်ချက်ထဲမှာ နိုင်ငံသားတိုင်းသည် ဘာသာရေး၊ သာသနာရေးတို့တွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရန်လို့ပါရှိတဲ့အတွက် ရည်ရွယ်ချက် အင်မတန်ကောင်းတာ တွေ့ရပါတယ်။ ဒီဥပဒေထဲမှာ ဘာသာတရား တစ်ခုခုရဲ့ အမည်၊ လူမျိုး တစ်မျိုးမျိုးရဲ့အမည်၊ စကားလုံးလည်း လုံးဝပါတာ မတွေ့ရပါဘူး။

ဒါကြောင့် မည်သည့်ဘာသာ၊ မည်သည့်လူမျိုးကိုမှ ဦးစားပေးခြင်းမရှိတာကို တွေ့ရပါတယ်။ တခြားနိုင်ငံတွေတောင်မှ ဒီဥပဒေကို ကျင့်သုံးလို့ရနိုင်တဲ့ ဥပဒေမျိုးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းရဲ့ ပုဒ်မ ၄ မှာ မိမိဘာသာကို စွန့်လွှတ်၍ အခြားဘာသာကို လွတ်လပ်စွာ ကူးပြောင်းနိုင်ခွင့်ကို အာမခံပေးထားတာကို တွေ့ရပါတယ်။ ပုဒ်မ ၇ ပုဒ်မခွဲ(ဂ)မှာဆိုရင် မှတ်ပုံတင်ရေးအဖွဲ့ကို လုပ်ချင်သလို လုပ်ခွင့်မရအောင် ထိန်းချုပ်ထားပါတယ်။

သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းနှင့် အနိုင်အထက်ပြုခြင်းများကို ရှောင်ကြဉ်ရမည်ဟု ဆိုထားတဲ့အတွက် ဒီအဖွဲ့ဟာ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူရဲ့ အပေါ်က ရှိနေတဲ့ အဖွဲ့အစည်း မဟုတ်ဘူးဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ပုဒ်မ ၇(ဃ)မှာဆိုရင် ကူးပြောင်းလိုသူရဲ့ဘာသာ ကူးပြောင်းလိုတဲ့ ဘာသာရဲ့ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ အမွေဆက်ခံခြင်း၊ သားသမီးအုပ်ထိန်းခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊ ဆုံးရှုံးခွင့်တွေကို သတိပြုမိလာအောင် လုပ်ပေးပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကူးယဉ် အိမ်ထောင်ပြုမှုတွေကို နည်းပါးအောင် လုပ်ထားတာကို တွေ့ရှိရပါတယ်။ ယုံကြည်ကိုးကွယ်မှုကို စိတ်ထဲမှာ ကူးပြောင်းသွားရုံနဲ့ မပြီးဘဲ နောက်ပိုင်းလူမှုဘဝမှာ ရုပ်ပိုင်းဆိုင်ရာ ပြဿနာတွေရှိနေနိုင်တာကို အလေးပေး၊ သတိဖော်ပေးထားတာတွေ တွေ့ရှိရပါတယ်။

ပုဒ်မ ၁၆ မှာ မည်သူမျှ သူတစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း (သို့မဟုတ်) နှောင့်ယှက်ခြင်း မပြုရလို့ပါရှိတဲ့အတွက် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုမှုကို ဟန့်တားခြင်းမရှိဘဲ အကာအကွယ်ပေးထားတာကို တွေ့ရှိရပါတယ်။ ပြစ်ဒဏ်အပိုဒ်ကို ကြည့်မယ်ဆိုရင် ပုဒ်မ ၁၄၊ ၁၅၊ ၁၆ တွေဟာ ဘာသာတရားတွေကို ချိုးဖောက်တဲ့သူတွေကို ချမှတ်တဲ့ ထောင်ဒဏ်တွေဟာလည်း (၂)နှစ်ထက် မပိုတဲ့အတွက် အလွန်မျှတတဲ့ ပြစ်ဒဏ်တွေဖြစ်ပါတယ်။ ဒီပုဒ်မတွေဟာဆိုရင် တချို့နိုင်ငံတွေမှာ သေဒဏ်ပေးထားတဲ့ ပြစ်ဒဏ်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူတစ်ဦးချင်းအတွက်ဆိုရင် သူရဲ့ ဘာသာကူးပြောင်းမှုဟာ သူရဲ့ ကိုယ်ပိုင်လွတ်လပ်မှု ဖြစ်ပါတယ်။ ဒါပေမယ့် လူတွေ အထုအထည်လိုက် ဘာသာကူးပြောင်းခဲ့တဲ့ သမိုင်းကိုပြန်ကြည့်ရင် လွတ်လွတ်လပ်လပ် ပေါ်ပေါက်ခဲ့တဲ့ ဖြစ်စဉ်တွေ မဟုတ်တာကို တွေ့ရှိရပါတယ်။ စစ်ရေးဘဝ၊ နိုင်ငံရေးဘဝ၊ နယ်မြေ ချဲ့ထွင်လိုမှုနဲ့ နေရာရွှေ့ပြောင်းနေထိုင်မှုတွေရဲ့ ဩဇာ လွှမ်းမိုးမှုအောက်မှာ လှိုင်းလုံးသဖွယ် ဘာသာ ပြောင်းလဲခဲ့တာတွေကို သင်ခန်းစာယူဖွယ် တွေ့ရှိရပါတယ်။

ဒါကြောင့် ဘာသာကူးပြောင်းမှုမှာ သိမ်မွေ့တဲ့ဖြစ်ရပ်တွန်းအားတွေရှိတယ်ဆိုတာကို သိရှိနိုင်ပါတယ်။ ဘာသာကူးပြောင်းမှုဖြစ်စဉ်တွေကို လူတစ်ဦးတစ်ယောက်ရဲ့ သဘောလွတ်လပ်မှုအဖြစ် လျှပ်တစ်ပြက် ကြည့်လို့မရနိုင်ပါဘူး။ ဒီဖြစ်စဉ်တွေကို အချိန်ကာလ(၁)နှစ်၊ (၂)နှစ်၊(၅)နှစ်နဲ့တောင်မှ ကြည့်လို့မမြင်တွေ့ရပါဘူး။ နှစ်ရှည်ကြာမှ တရွေ့ရွေ့ပြောင်းလဲမှုဟာ အထုအထည် ရှိလာတာကို တွေ့မြင်ရပါတယ်။ ကမ္ဘာမှာ အစောဆုံး နတ်ကိုးကွယ်မှု ပေါ်ပေါက်ခဲ့ပါတယ်။ နတ်ကိုးကွယ်မှု နောက်ပိုင်းမှာ ပေါ်ပေါက်တဲ့ ဘာသာကြီး တစ်ခုနှစ်ခုဟာဆိုရင် ကူးပြောင်း ချဲ့ကားမှု နှေးကွေးပြီး အခုဆိုရင် ရပ်တန့်လို့ နေပါတယ်။ တချို့ ဘာသာကူးပြောင်းမှုတွေက ပြန့်ကားချဲ့ထွင်နေပါသေးတယ်။ တချို့က ဖြည်းဖြည်း ကူးပြောင်းပြီး တချို့က အရှိန်အဟုန်ရှိပါတယ်။ ဥပမာ တောင်ကိုရီးယားနိုင်ငံကို ကြည့်ရင် ယခင်က ရှိခဲ့တဲ့ ဘာသာကနေ နောက်ဘာသာတစ်ခုကို အရှိန်အဟုန်နဲ့ ပြောင်းလဲနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ အနှစ်(၄၀)ခန့်ကစပြီး နိုင်ငံတချို့ဟာ ရေနံကြောင့် အရှိန်ဩဇာတက်လာပါတယ်။ ဒါကြောင့် ဘာသာကူးပြောင်းမှု တွန်းအားတွေ ရှိလာခဲ့ပါတယ်။ လူဦးရေရွှေ့လျားကူးပြောင်း မှုတွေလည်းရှိလာခဲ့ပါတယ်။ အဲဒီတွန်းအားတွေကြောင့် အနောက်နိုင်ငံတွေမှာ လူဦးရေနဲ့ ဘာသာအချိုးအစား ပြောင်းလဲလာပြီး ပဋိပက္ခအချို့ ပေါ်ပေါက်နေပါတယ်။ ကျွန်တော်တို့ အရှေ့ဘက်နိုင်ငံတွေကိုလည်း အဲဒီတွန်းအားတွေက တွန်းတိုက်လာပါတယ်။ မြန်မာပြည် အနောက်ပိုင်းယင်းအထက်က မဏိပူရ၊ အာသံ၊ နီပေါနဲ့ အထက်ဘက်မှာဆိုရင် တရုတ်ပြည်၊ စင်ကျန်ပြည်နယ်၊ ဝီဂါတွေအထိရှိနေတဲ့ အရှေ့ဘက်ယဉ်ကျေးမှု မျဉ်းကြောင်းကိုလည်း အဲဒီဖိအားတွေက တွန်းဝင်နေပါတယ်။ အဲဒီဒဏ်ကို ထိတွေ့နေရတဲ့ ဒေသခံတွေက ပိုပြီးခံစားရပါတယ်။ အချို့ ပညာရှင်တွေက အဲဒါကို ယဉ်ကျေးမှု တွန်းတိုက်မိတယ်။ Civilization Clash ဆိုပြီးတော့လည်းပြောကြတာ တွေ့ရှိပါတယ်။

ဥရောပမှာက ဒီမိုကရေစီနဲ့ ဒီဘာသာကူးပြောင်းမှု တွန်းအားဟာ လောလောဆယ် အားပြိုင်နေပါတယ်။ အနိုင်ရဖို့ ဘယ်လောက်ကြာမယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် မသိနိုင်သေးပါဘူး။ ဒါကြောင့် တဖြည်းဖြည်း ဧရိယာကျဉ်းလာတဲ့ ဘာသာတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဥပဒေတွေကို အချိန်မီ ပြဋ္ဌာန်းဖို့လိုပါတယ်။ ၁၉၈၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံသားဥပဒေဟာ အခုအချိန်မှာဆိုရင် ပြဋ္ဌာန်းဖို့ မလွယ်တော့ပါဘူး။ တင်ကြိုပြဋ္ဌာန်းခဲ့လို့သာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အမျိုးသား အကျိုးစီးပွားကို ကာကွယ်ထားတာ တွေ့ရပါတယ်။

အခုဒီဥပဒေဟာလည်း မြန်မာနိုင်ငံမှာ ယုံကြည်မှု ဆိုင်ရာပဋိပက္ခတွေ လျော့နည်းလာပြီး အေးချမ်းမှု၊ တည်ငြိမ်မှုကို အထူးအထောက်အကူပြုပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ရိုသေလေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ပညာရှင်များတို့အား အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကို ကျွန်တော်လေ့လာ ကြည့်လိုက်တော့ မူအားဖြင့် ကျွန်တော့်အနေနဲ့ မြင်တာကတော့ ဘာလဲဆိုတော့ ဒီဥပဒေဟာ ဘယ်ဘာသာကိုမှ ထိခိုက်မှု မရှိဘူးလို့ကျွန်တော်မြင်တယ်။ နောက်တစ်ခုက ဒီဥပဒေဟာ ကိုးကွယ်ရာဘာသာကူးပြောင်းမှုကို တားဆီးပိတ်ပင်တာ လုံးဝမတွေ့ရဘူးဆိုတာ တစ်ချက်၊ အဲဒီတော့ ဒီဘာသာကူးပြောင်းမှု ဆောင်ရွက်တဲ့နေရာမှာ၊ လုပ်တဲ့နေရာမှာ စနစ်တကျရှိဖို့ပဲ ဒီဥပဒေက ထိန်းသိမ်းထားတာ ကျွန်တော် တွေ့ရပါတယ်။

အဲဒီတော့ ဒီ လွတ်လပ်စွာ ကိုးကွယ်မှုဆိုတာဟာ ဘာသာကူးပြောင်းမှုကို ပိတ်ပင်တယ်ဆိုရင်လည်းပဲ ဒါ လွတ်လပ်စွာကိုးကွယ်မှုကို ထိခိုက်မယ်။ နောက်ပြီးတော့ ဒီ ဘာသာအချို့ကို ကိုးကွယ်ခွင့်မပေးဘူး၊ ပိတ်ပင်တယ်ဆိုရင် ဒါလွတ်လပ်စွာ ကိုးကွယ်မှုကို ထိခိုက်မယ်။ အဲဒီတော့ အဲလို လွတ်လပ်စွာကိုးကွယ်မှုကို ထိခိုက်တဲ့အချက် ကျွန်တော်မတွေ့ရှိရတဲ့အတွက်ကြောင့် ဒါလွတ်လပ်စွာကိုးကွယ်မှုကို မထိခိုက်ဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီလို စည်းကမ်းကလနားနဲ့၊ ဥပဒေနဲ့ ဘာသာကို ကူးပြောင်းမယ်ဆိုရင် နောင်ပေါ်လာမယ့် ပြဿနာတွေကို ကာကွယ်တဲ့ သဘောလည်းရှိမယ်။ တစ်ခါတလေကျတော့ ဘာသာရေးအချင်းချင်းက လွန်ဆွဲတဲ့ ပုံစံမျိုးဖြစ်ပြီးတော့ ဒီ တစ်ဘက်ကိုတစ်ဘက် ကိုယ့်ဘက်ကို ဆွဲရာကနေပြီးတော့ ပြဿနာဖြစ်လာတာ အများကြီးရှိခဲ့ပါတယ်။ ဒီနိုင်ငံတကာမှာလည်း ရှိခဲ့ပါတယ်။ မိသားစုမှာလည်း ရှိခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီဥပဒေကို ကျွန်တော် လေ့လာကြည့်လိုက်တဲ့ အခါကျတော့ လွတ်လပ်စွာ ကိုးကွယ်မှုကိုလည်း မထိခိုက်ဘူး၊ လွတ်လပ်စွာ ဘာသာကူးပြောင်းမှုကိုလည်း မထိခိုက်ဘူး၊ ဒါပေမယ့် စည်းကမ်းကလနားရှိဖို့အတွက် ဒီဥပဒေက ထိန်းထားပေးတယ်။ အဲဒီတော့ ဒီလိုလုပ်ပေးခြင်းအားဖြင့် ပဋိပက္ခကို ပိုပြီးတော့နည်းစေတယ်။ စည်းကမ်း ပိုရှိလာတဲ့အတွက်ကြောင့် အေးချမ်းစွာ အတူ ဘာသာစုံ၊ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုတယ်လို့ ကျွန်တော်မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေထဲမှာပါတဲ့ အချက်အချို့ကို ကျွန်တော် အနည်းအကျဉ်း အကြံပြုလိုပါတယ်။ အဲဒါက ဘာလဲဆိုတော့ ပုဒ်မ ၃(စ) မှာဆိုရင် ဒီ ဥက္ကဋ္ဌ အမျိုးသမီးရေးရာအဖွဲ့ဆိုတာပါတယ်။ အဲဒီတော့ ဒီအဖွဲ့အားလုံးဟာ ဒီဘာသာရေးကူးပြောင်းတဲ့ ကိစ္စမှာဆိုရင် တကယ်မှာဆို

ဒါမှတ်ပုံတင်ရေးကိစ္စနဲ့ သက်ဆိုင်တယ်။ အဲဒီတော့ ကျွန်တော်တို့ မှတ်ပုံတင်လုပ်တဲ့အခါမှာ၊ လူဦးရေကို စစ်ဆေးတဲ့အခါမှာ ကိုးကွယ်ရာဘာသာဆိုတာ ထည့်ရတယ်။ မှတ်ပုံတင်မှာ ဆိုရင်လည်း ကိုးကွယ်ရာဘာသာဆိုတာ ထည့်ရတယ်။ အဲဒါကို မှတ်ပုံတင်ဌာနအနေနဲ့ နိုင်ငံသားမှာ အသိအမှတ်ပြုတဲ့ အချက်တစ်ချက်ဖြစ်တယ်။ အဲဒီတော့ ဒီကိစ္စဟာ တကယ်မှာဆိုရင် အားလုံးက ဒီဝန်ထမ်းတွေပဲ၊ ဒါတွေဟာ အဆုံးအဖြတ် ဌာနဆိုင်ရာတွေပဲ၊ အဆုံးဖြတ်ပေးတဲ့ကိစ္စ ဖြစ်တယ်။

အဲဒီတော့ ဒီနေရာမှာ အမျိုးသမီးရေးရာဥက္ကဋ္ဌဆိုတာ ထည့်ထားတယ်။ အဲဒီတော့ အမျိုးသမီးရေးရာဆိုတာ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာ အဖွဲ့အစည်းဆိုတာ အများကြီးရှိပါတယ်။ ဘာကြောင့် ဒီအမျိုးသမီးရေးရာ အဖွဲ့အစည်းတစ်ခုကိုပဲ ထည့်ထားသလဲ၊ ဘယ်လို အရေးကြီးလို့လဲ၊ တကယ်မှာဆို ဒါဟာ အရေးကြီးချက်မှာမပါ။ တကယ်တမ်း အရေးကြီးတာက အချို့ အခြားဝန်ထမ်းဌာန၊ ဥပမာ ကျွန်တော်အဲဒီနေရာမှာ ထပ်ဖြည့်ချင်တာက ဘာလဲဆိုတော့ ဒီကျန်းမာရေးဌာန ဦးစီးမှူးအနေနဲ့ ထည့်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ အချို့ကိစ္စတွေမှာ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်တွေ ပါတတ်တယ်။ အဲဒါ ဒီစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ကို ကျွန်တော်တို့ စိစစ်နိုင်ဖို့အတွက်၊ အထောက်အကူ ဖြစ်နိုင်ဖို့အတွက် ဒီကျန်းမာရေးဦးစီးဌာနက တာဝန်ရှိပုဂ္ဂိုလ်၊ အမြင့်ဆုံး တာဝန်ရှိပုဂ္ဂိုလ် မြို့နယ်အဆင့်မှာ ဒါ ထည့်သင့်တယ်လို့ ကျွန်တော် မြင်တယ်။

နောက် အမျိုးသမီးရေးရာ ဥက္ကဋ္ဌအနေနဲ့ ဒီအဖွဲ့အစည်းတစ်ခုရဲ့ ဥက္ကဋ္ဌ ဖြစ်တဲ့အတွက်ကြောင့် အခြားအဖွဲ့အစည်းတွေ ပါခွင့်မရှိဘဲနဲ့ ဒီ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌပဲ ပါခွင့်ရှိတယ်ဆိုရင် ဒါမျှတမှုမရှိဘူး။ အခြားအဖွဲ့အစည်းတွေလည်း တောင်းဆိုလာမယ်။ နောက်ပြီးတော့ ဒီအဖွဲ့အစည်းတွေ ပါရင် ဟိုဘက်ဆွဲ၊ ဒီဘက်ဆွဲ၊ လွန်ဆွဲတဲ့သဘောမျိုး၊ ကိုယ့်ဘက်ကို ဆွဲတဲ့သဘောမျိုး ဖြစ်တတ်တဲ့အတွက်ကြောင့် ကျွန်တော် အဲဒီအပိုဒ်မှာ အဖွဲ့အစည်းကို မပါသင့်ဘူးလို့ ကျွန်တော် အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဘာလဲဆိုတော့ ဒီအေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ကျွန်တော်တို့ လူမျိုးရဲ့ ဒီဘာသာရေးနဲ့ပတ်သက်ပြီးတော့ နိုးနိုးကြားကြား ရှိဖို့နဲ့ ဒီကနေ့ အခြေအနေမှာ နိုးကြားဖို့လိုနေပြီ။ ကျွန်တော်တို့က အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးအတွက် ကျွန်တော်တို့က အလေးအနက်ထားပြီးတော့ ဆောင်ရွက်ရမယ့် အချိန်ရောက်နေပါပြီ။ (သို့မဟုတ်) သူများ နိုင်ငံတကာမှာ တွေ့ရှိနေတဲ့ အန္တရာယ်မျိုး၊ ကျွန်တော်တို့ နောင်လာနောင်သား တွေ ကျွန်တော်တို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသား၊ နောင်လာနောင်သားတွေ၊ မတွေ့ထိ၊ မကြုံတွေ့ရအောင် ဒီကနေ့ ကနေ စပြီးတော့ စည်းကမ်းရှိတဲ့၊ ဘာသာရေးနဲ့ပတ်သက်တဲ့ ထိန်းကွပ်မှု (သို့မဟုတ်) တစ်မျိုးပြောရင် ထိန်းညှိမှုကို သတိနဲ့ ကျွန်တော်တို့ ဆောင်ရွက်ဖို့ လိုအပ်နေရေးဆိုတာ ပြောဆိုရင်းကနေ နိဂုံးချုပ်လိုက်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ်မဲ ဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ ဒီကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကို ကန့်ကွက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ အရင် သောကြာနေ့မှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)ကနေ ဦးခင်မောင် က ဆွေးနွေးတဲ့အချိန်မှာ ဒီဥပဒေပြုခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ဘယ်သူ့မှမထိခိုက်ပါဘူး။ ကိုယ့်ကိုကိုယ် ခြံစည်းရိုးခတ် တာပဲ ဖြစ်ပါတယ်လို့ ပြောပါတယ်။ ဒီ ကိုယ့်ကိုကိုယ် ခြံစည်းရိုးခတ်တဲ့အကျင့်က ဘယ်လောက်တောင် ဆိုးသလဲဆိုရင် အရင်တုန်းက ဆိုရှယ်လစ်ခေတ်မှာတုန်းက ကျွန်တော်တို့ ကိုယ့်ကိုကိုယ် ခြံစည်းရိုး ခတ်ခဲ့လို့ သူများတွေက မပိတ်ဆို့ခဲ့တဲ့ အချိန်မှာတောင် ကိုယ့်ကိုကိုယ် ခြံစည်းရိုးခတ်ခဲ့လို့ ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံကိုတောင် ရောက်ခဲ့ပါတယ်။

ဒီလိုမျိုးပါပဲ အခုဒီအတွေးအခေါ်က မပျောက်သေးဘူး။ ကိုယ့်ကိုကိုယ် ခြံစည်းရိုးခတ်တဲ့ အကျင့်ပေါ့နော်။ ဒါ ဒီလိုမျိုး ဥပဒေ ပြဋ္ဌာန်းတဲ့နိုင်ငံတွေကို ကြည့်တဲ့အချိန်မှာ တကယ့်ဘာသာရေး အစွန်းရောက်တဲ့ နိုင်ငံတွေပါပဲ။ ဘာသာရေး အစွန်းရောက်တဲ့နိုင်ငံမှာ ဘယ်လိုဖြစ်သလဲ အခု ကျွန်တော်တို့အားလုံး အသိပဲဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ သွေးထွက်သံယိုမှုပဲ ဖြစ်ပျက်နေတယ်။ တစ်ရက် မှလွတ်တဲ့ အချိန်တောင်သိပ်မရှိဘူး။ ကျွန်တော်ကတော့ ဒီလိုမျိုး ခြံစည်းရိုးခတ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံကို ဘာသာရေးမှာ အစွန်းရောက်တဲ့နိုင်ငံ မဖြစ်စေချင်ဘူး။ အကြောင်းအမျိုးမျိုးနဲ့ ပြောနေကြပေမယ့် ဥပဒေပြုခြင်းရဲ့ ရည်ရွယ်ချက်တွေက ရှင်းပါတယ်။ ဒါဘာကြောင့်လဲဆိုတာ။ ဆိုတဲ့အချိန်ကျတော့ ဒီဥပဒေ မျိုးစောင့် ဥပဒေတွေပေါ့နော်။ အဲဒီထဲမှာ တစ်ခုဖြစ်တဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း ဥပဒေ၊ ဒါက ကျွန်တော်တို့နိုင်ငံကို အိုးမဲသုတ်ပြီးတော့ နိုင်ငံတကာမျက်နှာစာမှာ တကယ့်ကိုပဲ တကယ့်အစွန်းရောက် နိုင်ငံဖြစ်သွားစေတဲ့ ဥပဒေမျိုးလည်း ဖြစ်ပါတယ်။ ခက်တာက ဘာလဲဆိုတော့ ဘာသာရေးဆိုတာ အရမ်းမွန်မြတ်ပြီးတော့ အဓိကဖြင့်ပေါ့ ကျွန်တော်တို့နိုင်ငံမှာ အဓိကကိုးကွယ်တဲ့ ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာ ဆိုရင်လည်း အရမ်းကို အင်မတန်မှ မွန်မြတ်တယ်။ ဒါကို အခွင့်ကောင်းယူ ပြီးတော့ နိုင်ငံရေးသမားတွေက အမျိုးမျိုးနဲ့ အသုံးချခံနေရတာတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုမျိုးပေါ့နော်၊ ဥပဒေ အနှစ်သာရအရ ကြည့်မယ်ဆိုရင်လည်း အခြေခံဥပဒေမှာ ဘာသာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေး လို့ ဆိုထားပြီးပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီလိုမျိုးဥပဒေကို ခက်ခက်ခဲခဲဖြစ်အောင် ပြဋ္ဌာန်းလိုက်ခြင်း အားဖြင့် အခြေခံဥပဒေ ပြဋ္ဌာန်းချက်နဲ့ ညီညွတ်မှု မရှိတော့ဘူးလို့ ကျွန်တော် မြင်ပါတယ်။ ဒါက မအပ်စပ်တော့ဘူး၊ ဒါက မလွတ်လပ်တဲ့သဘောကို သက်ရောက်စေတယ်။

ကျွန်တော်တို့ ဒီဥပဒေက အဲဒါကိုတစ်ခုပြီးတစ်ခု ကျွန်တော်ဆက်ပြောဦးမယ်။ လွတ်လပ်စွာ ဆိုတဲ့နေရာမှာ ယူဆနိုင်သော ဘာသာတစ်ခုကနေ တစ်ခုအဖြစ်ကူးပြောင်းမယ်။ ဒါဆိုရင် ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေကပြီးတော့ ကျွန်တော်တို့ကို အရမ်းချုပ်နှောင်စေတယ်။ သဘောက ဘာသာ(၂)ခု ကိုးကွယ်ချင်ရင် ဘယ်လိုလုပ်မလဲ၊ (၃)ခု ကိုးကွယ်ချင်ရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ဘာသာ ဒီလိုမျိုး ရှိလား အင်္ဂလိပ်အခေါ်အဝေါ်နဲ့ ဆိုရင်တော့ တစ်ခုက Atheist လို့ ခေါ်တယ်။ Atheist ဆိုတာက ဘာသာမဲ့ ဘာသာကို လုံးဝမယုံကြည်တာ အဲဒါ မဟုတ်ဘဲနဲ့ နောက်ထပ် တစ်မျိုးက ဘာလဲ ဆိုတော့ Free Thinker ဆိုတာမျိုး။ Free Thinker ဆိုတာမျိုးကျတော့ ဘာသာ အားလုံးကို ယုံရင်လည်း ယုံမယ်။ (၂)ခု (၃)ခု ကိုးကွယ်ရင်လည်း ကိုးကွယ်မယ်။ လွတ်လွတ်လပ်လပ် တွေးခေါ်တယ်။ အားလုံး အယူအဆကို လက်ခံရင်လည်း လက်ခံမယ်။ အဲဒါမျိုးလည်းရှိတယ် ဆိုတဲ့အချိန်ကျတော့ ဒီလူတွေ

အတွက်ကော ဘယ်မှာလဲ သူတို့ရဲ့နေရာက ဒီဥပဒေအရဆိုရင် နေရာမရှိတော့ဘူး။ သူတို့အတွက် ဆိုတော့ လွတ်လပ်မှုကို ပျောက်စေတယ်။

ဒီဥပဒေကပေါ့နော် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေးကို ဆုံးရှုံးစေတယ်။ လူ့အခွင့်အရေးကို ဆုံးရှုံးစေတယ်။ ဒီလို ဖြစ်ပါတယ်။ ဒါမျိုးကတော့ ဟိုအရင်တုန်းကတော့ ဥရောပမှာတော့ ဘုရင်စနစ်တုန်းကတော့ Inquisition ဆိုတာ ပေါ်ပေါက်ခဲ့ဖူးပါတယ်။ ဘာသာရေး ပြောင်းတဲ့ အချိန်မှာ စစ်ဆေးမေးမြန်းတဲ့အချိန်မှာ ညှင်းပန်းနှိပ်စက်မှု ပြုလုပ်ခဲ့တယ်။ ဒီလိုမျိုး သူတို့ လုပ်ခဲ့လို့ အမျိုးမျိုး တော်လှန်ရေးတွေ ဖြစ်ခဲ့လို့ နောက်ဆုံးမှာ ဒီမိုကရေစီတောင်မှ ထွက်လာတဲ့အဆင့် ၁၈၀၀၊ ၁၇၀၀ နောက်ပိုင်း အဲဒီတော့ ဒီလိုမျိုးလေးတွေ တစ်ခါတလေ ရှိတဲ့အချိန်ကျ နောက်ဆုံးမှာ သူတို့ရဲ့ လူတွေ ဘယ်လိုဖြစ်သွားလဲ Free Thinker တွေ ဖြစ်စေတယ်။ လွတ်လပ်စွာ တွေးခေါ်ချင်လာတယ်။ ဘယ်ဘာသာကိုမှ သူတို့ မယုံကြည်ချင်တော့ဘူး။ အဲဒီလိုမျိုးပေါ့နော် ဆိုတော့ ဘာသာကိုပေးရမယ့် Tax လည်းမတင် ကိုယ့်စိတ်ထဲမှာ ယုံကြည်ရင်လည်း ယုံကြည်မယ်။ ဒါပေမဲ့ ကိုယ်က Free Thinker လို့ပဲ ကြေညာလိုက်တယ်။ အဲဒီလိုမျိုးပေါ့ အဲဒီလိုမျိုး လူတွေလည်း ဖြစ်စေတယ်၊ ထွက်ပေါ်စေတယ်။ ကျွန်တော်တို့ ဒီလိုမျိုးဥပဒေ ပြဋ္ဌာန်းခြင်းအားဖြင့် နောက်ပိုင်းမှာ ကျွန်တော်တို့ နိုင်ငံတွင်းမှာရှိတဲ့ ပြည်သူလူထုတွေက ဘယ်လိုဖြစ်စေလာနိုင်သလဲ ဆိုတော့ ဘာသာတရားကို သိပ်မကိုးကွယ်ချင်တော့တဲ့ Free Thinker တွေ ဖြစ်စေလာနိုင်တယ်။

ပြီးတော့ အခု ဥပဒေတစ်ခုပြီးတစ်ခုကို ကြည့်မယ်ဆိုရင် ပုဒ်မ ၄ ပုဒ်မ ၂ (ဃ)မှာဆိုရင် ခုန ကျွန်တော်ပြောတဲ့ပုံစံမျိုးပေါ့။ မှတ်ပုံတင်ရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ ကို ဆိုသည်။ စိစစ်တယ်ဆိုတဲ့ စကားလုံး လူတစ်ယောက် ကိုးကွယ်ရာဘာသာကို ဘာဖြစ်လို့ စိစစ်စရာ လိုသလဲ စိစစ်ဆိုတဲ့နေရာ ဒီမှာဖွဲ့စည်း လိုက်တဲ့ပုံစံ မေးမြန်းရမယ့် ပုံစံတွေကို ကြည့်ခြင်းအားဖြင့် ဒီမှာအဖွဲ့အစည်း ပုဒ်မ ၃ မှာ ဘယ်သူတွေ ပါဝင်သလဲ ဆိုတာကို ဖွဲ့စည်းခြင်းအားဖြင့် လူတွေရဲ့လွတ်လပ်မှုကို ချုပ်နှောင်စေတဲ့ ရည်ရွယ်ချက်ရှိတယ် ဆိုတာကို ကောင်းကောင်းလေး ပေါ်လွင်စေပါတယ်။ ပြီးတော့ ပုဒ်မ ၅ မှာ ကျွန်တော် ဆက်ပြောပါမယ်။ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်။ ဒါဆိုရင် ကျွန်တော်တို့ ခရစ်ယာန်တွေရဲ့ အယူအဆ၊ ယုံကြည်ချက်ကို လုံးဝ လျစ်လျူရှုစေတဲ့ ပုဒ်မ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ Rights တွေပေါ့။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ခရစ်ယာန်မှာလည်း ထပ်ဆင့်ပြီးတော့ ဂိုဏ်းကွဲ တာတော့ ရှိပါတယ်။ ကျွန်တော်တို့ အဲဒီထဲမှာ Reformed လို့ ခေါ်တဲ့ ဒီဘာသာအဖွဲ့က ဘယ်လိုယူဆ သလဲ ဆိုတော့ လူတစ်ဦးတစ်ယောက်သည်တဲ့ သူ့ရဲ့ မိခင်ဝမ်းထဲမှာရှိတဲ့ အချိန်မှာတောင်မှ စယုံကြည် နိုင်ပြီလို့ သူတို့ ယူဆတယ်။ သူ့ရဲ့ မိခင်ရဲ့ ယုံကြည်ချက်ကို သူက ပေါင်းပြီးတော့ စပြီးတော့ သန္ဓေတည် စေနိုင်တယ်လို့ သူက ယုံကြည်တယ်။ အဲဒီအပြင်မှ ကျွန်တော်တို့ မွေးကတည်းကနေ ကလေးလေး ဘဝကနေစပြီးတော့ သူက ခရစ်တော်ကို ယုံနိုင်တယ်လို့ ကျွန်တော်တို့ ယူဆတယ်။

ဒီလိုယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့မှာ ဘယ်လိုဖြစ်မယ်လို့ ကျွန်တော်တို့ ခရစ်ယာန်မှာ အယူအဆရှိသလဲဆိုရင် သေတဲ့အချိန်မှာ ကောင်းကင်နိုင်ငံကို ရောက်မယ်။ ခရစ်တော်ကို ယုံကြည်တဲ့ သူတွေက ကဲ ဒါဆိုရင် အသက် (၁၈)နှစ် မပြည့်တဲ့သူသည် ကောင်းကင်နိုင်ငံရောက်ဖို့ အခွင့်အရေးက ဥပဒေနဲ့ ပိတ်ပင်တော့မလား ဒါဆိုရင်ဆိုတော့ ဒီဥပဒေက ကျွန်တော်တို့ရဲ့ ဘာသာကို လုံးဝလျစ်လျူရှု

ပြီးတော့ ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေကို ဖျက်ဆီးတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒီလို ကိုးကွယ်ပြီးတော့ ကျွန်တော်တို့ Baptism မင်္ဂလာကို ခံပြီးတော့ အဲဒီကနေ ယုံကြည်ချက်ကို တည်ဆောက်ရတာ ဖြစ်ပါတယ်။ ဒါဆိုရင် ဒီလို မကြေညာနိုင်ဘူး။ (၁၈)နှစ်မတိုင်ခင်မှာ သူက မကြေညာနိုင်ဘူးဆိုရင် သူ့ရဲ့ ယုံကြည်ခြင်း ဟာ ဖွံ့ဖြိုး တိုးတက်ဖို့လည်း သူ့မှာ အခွင့်အရေး မရှိတော့ဘူး။ အဲဒီကနေ ရရှိလာမယ့် သူ့ရဲ့ ခံစားချက် ခံစားခွင့် အခွင့်အရေးတွေကိုလည်း သူက လက်လွှတ် ဆုံးရှုံးရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဟာဆိုရင် အခွင့်အရေးကို ကျူးလွန်စေတဲ့ ဥပဒေ ဖြစ်ပါတယ်။

ပြီးတော့ ပုဒ်မ ၇(ဃ) ၁ မှာ ဘယ်လို ပြဋ္ဌာန်းသလဲဆိုရင် ကိုးကွယ်လိုသည့် ကိုးကွယ်ရာ ဘာသာရေး အခြေခံသဘောတရားပေါ့နော်။ ဒါကိုသိရမယ်။ ကျွန်တော်က ဒီမှာပထမဆုံးပြောချင်တာ ကတော့ ဒီဥပဒေရေးတဲ့သူတွေက ကျွန်တော့်အမြင်မှာတော့ ခရစ်ယာန်ဘာသာရဲ့သဘောတရားလည်း နားမလည်ဘူး၊ ဗုဒ္ဓဘာသာရဲ့ သဘောတရားလည်း နားမလည်ဘူးလို့ ယူဆတယ် ဒီဥပဒေရေးတဲ့သူက ဘာကြောင့်လဲ နဂိုကတည်းက ဒီလောက်မွန်မြတ်တဲ့ ဘာသာမဟုတ်မှတော့ သူက အမျိုးမရှိဘူး။ သူက ဘာသာတရားကို ဘာသာတရား သက်သက်အနေနဲ့ပဲ မြင်တယ်။ ကျွန်တော် လေ့လာသလောက်တော့ လူမျိုးဆိုတဲ့ Barrier ကြီး ခြံတံတိုင်းကြီးကို သူက ဖြိုဖျက်စေတယ် ဒီဘာသာတွေက ဒီသဘောတရား ကို နားမလည်တဲ့လူတွေက ဒီဥပဒေကို ပြဋ္ဌာန်းဖို့ လုပ်လိုက်တယ်။ ပြဋ္ဌာန်းဖို့ ရေးတဲ့အချိန်ကျတော့ အားလုံးက

**ဥက္ကဋ္ဌ**။ ။ ဦးဇုန်လှယ်ထန်း ဆွေးနွေးတဲ့အခါမှာ ဘယ်သူကိုမှ မထိခိုက်ပါနဲ့ ဆွေးနွေး ချက်တွေ တချို့က လွဲနေတဲ့ အယူအဆတွေ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်ကဲ့။ ဆိုတော့ ဒီလို သဘောတရားတွေ ရှိပါတယ်။ နောက် ပုဒ်မ ၉ မှတ်ပုံတင်ရေးအဖွဲ့သည် အောက်ပါ အကြောင်းတစ်ခု ခုကြောင့် မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူ ကိုယ်တိုင်လာရောက်ခြင်း မပြု နိုင်သူသော်လည်းကောင်း၊ ဆောလျင်စွာ ဆောင်ရွက်နိုင်ရန် ခိုင်လုံသောအကြောင်း ပေါ်ပေါက်ရေးဆို တော့ ကျွန်တော်တို့ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာ သူကရုံးမှာမသွားနိုင်ဘူး။ မသွားနိုင်တဲ့အချိန်မှာ သူကကူးပြောင်းဖို့ သူ့ရဲ့ ယုံကြည်ချက်အတွက် အခွင့်အရေး မရတော့ဘူး။ မရတဲ့အချိန်မှာ သွားရမယ့်လူ တွေက ခိုင်လုံသောဆိုတဲ့ အကြောင်းပြချက်လိုတယ်။ ဒီခိုင်လုံသောဆိုတဲ့ စကားလုံးက ဘယ်လောက်ထိ ကျယ်ပြန့်သလဲပေါ့နော်၊ အဲဒါတွေလည်း စဉ်းစားစရာ ဖြစ်တယ်။ ပြီးတော့ ပုဒ်မ ၁၀ (ခ)မှာ တစ်စုံတစ်ဦး၏ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက် ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်းဆိုတာ ဒီမှာ စိစစ်တဲ့အချိန်မှာ ကျွန်တော် ပြောင်းပြန် ပြန်ကြည့်လိုက်တဲ့အချိန်မှာ ဒီစိစစ်ရေးအဖွဲ့က မေးမြန်းတာဟာ ဒါ တစ်မျိုးအားဖြင့် ကြည့်မယ်ဆိုရင် မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မဟုတ်ဘူးလား။ အဲလိုမြင်တယ် ဒီမှာ ကောင်းတာတစ်ခုကတော့ ပုဒ်မ ၂၄ မှာတော့ ကျွန်တော် ဒီပုဒ်မကိုတော့ တော်တော် သဘောကျ ပါတယ်။

သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါ သွေးဆောင်ခြင်းဆိုသည့် စကားလုံးဆိုသည့် စကားရပ်နှင့်သက်ဆိုင်ခြင်း မရှိစေရ၊ ဒီမှာကျတော့ တော်တော်လေးမှန်ကန်တဲ့ ပုဒ်မဖြစ်တယ်လို့ မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ခရစ်ယာန်

တွေရဲ့ အယူအဆကို သူကအသိအမှတ်ပြုပေးတဲ့ သဘောပေါ့နော်။ ဘာကြောင့်လဲဆိုတော့ သူတို့က သာသနာပြုတဲ့ဓလေ့ ရှိတယ်။ ဒါကို သူက အခွင့်အရေးတစ်ရပ်အနေနဲ့ ဆက်ပြီးတော့ အသိအမှတ်ပြုတဲ့ သဘော ဖြစ်တဲ့အတွက်ကြောင့် ဒီပုဒ်မကိုတော့ ကျွန်တော် သဘောကျပါတယ်။ အခု နောက်ဆုံးမှာ ကျွန်တော် ပြောချင်တာကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ စိုးရိမ်စရာ မရှိတဲ့ဟာတွေကို စိုးရိမ် နေတာက မမှန်ကန်ဘူးလို့ မြင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေ၊ လူဦးရေ ဘယ်လောက် ရာခိုင်နှုန်းက ဘယ်လောက်ကိုးကွယ်သလဲ၊ ပြီးတော့ ဘာသာတစ်ခုက ဘယ်နှစ်ကတည်းက စတင်ဝင်ရောက်လာသလဲ လက်ရှိအခြေအနေမှာ ဘယ်လောက်ထိဖြစ်သလဲ ဆိုတာမျိုးကို ကြည့်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့ နိုင်ငံမှာ ဘာသာရေးအရ စိုးရိမ်စရာမရှိပါဘူး။ အားလုံးပေါ့နော်၊ စည်းစည်းလုံးလုံး အနေနဲ့ နေထိုင် နေပါတယ်။ ကျွန်တော်တို့ ပြဿနာ မရှိပါဘူး။ အမှန်ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ ညီညွတ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ကြည့်မယ်ဆိုရင် ဒီလောက် စည်းစည်းလုံးလုံး ဖြစ်နေတဲ့ဟာ ကောင်းနေတဲ့ဟာကို မဖျက်ဆီးပါနဲ့လို့ ကျွန်တော်ပြောချင်ပါတယ်။ ဆိုတော့ ဘယ်လို Affect ဖြစ်လာမလဲပေါ့နော် ကျွန်တော်တို့ နိုင်ငံမှာ ယခု လက်ရှိ ဒီလောက်တောင် တည်ဆောက်ထားခဲ့တဲ့ ဘာသာရေးမှာ ငြိမ်းချမ်းရေး၊ စည်းလုံးရေး ဒါတွေလည်း တစ်မျိုးတစ်ဖုံနဲ့ ပြန်ကြည့်မယ်ဆိုရင် ပျက်စီးစေနိုင်တဲ့အတွက်ကြောင့် ဒီဥပဒေကို ကန့်ကွက် ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင် ပညာရှင်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော်ဆွေးနွေးမှာကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဒီဥပဒေနဲ့ပတ်သက်လို့ ဥပဒေရေးရာအချက်အလက်ရဲ့ ဥပဒေရဲ့ ရှုထောင့်ပေါ်မှာ မူတည် ပြီးတော့ အခြေခံပြီးတော့ အပိုင်းနှစ်ပိုင်းပဲ ဆွေးနွေး တင်ပြလိုပါတယ်။

ပထမပိုင်းကတော့ ဥပဒေကြမ်းမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်းထဲမှာပါဝင်တဲ့ တချို့ အချက် အလက်တွေပေါ်မှာ မူတည်ပြီးတော့ တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။

ဒုတိယပိုင်းကတော့ ဥပဒေတစ်ရပ်လုံးရဲ့ ပတ်သက်တဲ့ အနှစ်သာရပိုင်းကို ဆွေးနွေးတင်ပြ မှာ ဖြစ်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ ဥပဒေကြမ်းမှာပါတဲ့ အချို့ ပုဒ်မ အချက်အလက်တွေနဲ့ ပတ်သက်ပြီး တော့ ကျွန်တော်ထောက်ပြီးတော့ အကြံပြု တင်ပြချင်တဲ့အချက်မှာ မူလပြဋ္ဌာန်းချက် ပုဒ်မ ၃(ဃ)မှာ ကိုးကွယ်ရာ ဘာသာအသီးသီးနဲ့ သက်ဆိုင်တဲ့ မြို့မိမြို့ဖလေးဦးကို အဖွဲ့ဝင်အဖြစ် ရွေးချယ်ရန် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အုပ်ချုပ်ရေးမှူးကို ရွေးချယ်ခွင့် ပေးထားတာ တွေ့ရပါတယ်။ ဒါ ဒီအဖွဲ့ထဲမှာ (ဃ)မှာ အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ရွေးချယ်တဲ့

ကိုးကွယ်ရာ ဘာသာ အသီးသီးနဲ့ သက်ဆိုင်တဲ့ မြို့မိမြို့ဖလေးဦးကို အဖွဲ့ဝင်လို့ ကျွန်တော် သတ်မှတ်ဖွဲ့စည်းရမယ်လို့ ပြောထားပါတယ်။

အဖွဲ့ရဲ့ မူလကတော့ ဥက္ကဋ္ဌကတော့ မြို့နယ်သာသနာရေးဦးစီးမှူး ဥက္ကဋ္ဌ စသည်ဖြင့် ပါပါတယ်။ အဲဒီတော့ ဒီနေရာမှာဘာသွားတွေ့ရလဲဆိုတော့ ဥပဒေကြောင်းအရ ကျွန်တော်တို့ ပြန်ကြည့်လိုက်တဲ့ အခါမှာ အုပ်ချုပ်ရေးမှူးကို ရွေးချယ်ခွင့် ပေးထားလိုက်တာတော့ မှန်တယ်။ ဒါပေမယ်လို့ ဥပဒေမှာက ဘယ်လို အရည်အချင်းမျိုးနဲ့ ပြည့်စုံသူ ဘယ်လိုမူနဲ့ ရွေးမလဲ၊ ဘယ်လို သတ်မှတ်မလဲဆိုတာနဲ့ ပတ်သက်လို့ မပါလာတာ တွေ့ရပါတယ်။ ဒါကြောင့် ဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ပြဿနာများစွာ ရှိနိုင်တယ်။ ဒီလိုမရှင်းမလင်းဘဲ ဖြစ်နေတဲ့အတွက် ဥပဒေရဲ့သဘောသက်ဝင်မှုအားနည်းတယ်လို့ ကျွန်တော် အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီအပိုဒ်နဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မှာ အဲဒီအပိုဒ် ၃(က) ရဲ့ ပုဒ်မခွဲငယ်(၄) မှာတော့ ဘာဖော်ပြထားလဲဆိုတော့ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြသည့် ငါးဦးထက် မပိုသောမြို့မိမြို့ဖလို့ ပြင်ဆင်ထားပါတယ်။

ပုဒ်မခွဲ(ခ)မှာလည်း အဲဒီလိုဖော်ပြသလို ကျွန်တော်တို့ ပုဒ်မခွဲ(ခ)မှာ ဘာဖော်ပြထားလဲဆိုတော့ ရှေ့က အပိုဒ်ခွဲ(က)ရဲ့ အပိုဒ်ခွဲငယ် ၄ လစ်လပ်သွားတဲ့အခါမှာ အစားထိုးရွေးချယ်ရာတွင်လည်း သတ်မှတ်ချက်နဲ့အညီ ပြန်လည်ရွေးချယ်တင်ပြရမည်လို့ ပြင်ဆင်ထားတာလေး သွားတွေ့ပါတယ်။ သွားတွေ့တော့ ဥပဒေအရ ဘာသွားတွေ့သလဲဆိုတော့ ရွေးချယ်တင်ပြရမည်လို့သာ ပြောတယ်။ ဘယ်သူက ရွေးချယ်တင်ပြရမလဲဆိုတဲ့ Subject ပျောက်နေတာကို သွားတွေ့ရပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဒီလိုဆိုရင် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်တင်ပြရမည်လို့သာ ပြောလိုက်တယ်။ ဘယ်သူက ရွေးချယ် တင်ပြရမလဲ၊ ဘယ်လိုမူတွေနဲ့ ရွေးချယ်တင်ပြရမလဲဆိုတာ ဥပဒေထဲမှာ ပြင်ဆင်ချက်ထဲမှာ မပါတာကို သွားတွေ့ရပါတယ်။ ဒါ ဥပဒေမှာ လိုအပ်ချက်ရှိနေတယ်လို့ တင်ပြခြင်း ဖြစ်ပါတယ်။

နောက် မူလပြဋ္ဌာန်းချက် ပုဒ်မ ၇(ဃ)မှာ ကိုးကွယ်ရာဘာသာ ပြောင်းလိုတဲ့သူက ရက်ပေါင်း (၉၀)ထက်မပိုတဲ့ ကာလအတွင်းထဲမှာ ပြောင်းလိုတဲ့ ကိုးကွယ်ရာဘာသာရေး အခြေခံသဘော ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ပစ္စည်းခန်း အခွင့်အရေးဆိုင်ရာ ဓလေ့ထုံးတမ်းများ၊ အမွေဆက်ခံခြင်းနှင့် သားသမီး ထိန်းခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေ့လာနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီလို ပြဋ္ဌာန်း ထားသော်လည်းပဲ ဒီဥပဒေရဲ့ နောက်ဆက်တွဲ ပုဒ်မတွေကိုလိုက် ကြည့်လိုက်တဲ့အခါမှာ ဒီလို ဘာသာကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ် ထုတ်ပေးတဲ့နေရာမှာကျတော့ ကူးပြောင်းလိုသူရဲ့ ဆန္ဒ အရသာ ပုဒ်မ ၇ ပုဒ်မခွဲ (ဆ)ရဲ့ ပုဒ်မခွဲငယ် ၁ အရ ကူးပြောင်းလို သူရဲ့ ဆန္ဒအရသာ ထုတ်ပေးရမယ်လို့ ဖော်ပြလိုက်ပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ ခုနတုန်းက ရက်ပေါင်း(၉၀)ပေးပြီးတော့ လေ့လာသုံးသပ်ခွင့် ပေးထားတဲ့အချိန်က အဲဒီလို လေ့လာသုံးသပ်မှုကြောင့် ဘယ်လိုတွေ သိလာရတယ်၊ ဘာကြောင့်လက်ခံနိုင်ရတယ်ဆိုတဲ့ ဆက်ပြီးတော့ ဒါနဲ့ ပတ်သက်ပြီးတော့ စိစစ်တဲ့ အခြေအနေ ဒီဥပဒေမှာ ဆက်ပြီးတော့ ပါမလာတာတွေ့ရပါတယ်။ အဲဒီလိုပါမလာတာတွေ့တော့ ဥပဒေဟာ ဒီလိုဆိုရင် ဒီလို လေ့လာသုံးသပ်မှုသည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကူးပြောင်းလိုသူရဲ့ ဆန္ဒအရသာ ထုတ်ပေးမယ်ဆိုရင်တော့ ဒီအပိုဒ်ဘာဖြစ်လို့ ထည့်ထားဖို့ လိုပါသေးသလဲ၊ ဒါ ဥပဒေအရ စဉ်းစားရမယ့်ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ဒါက ရှေ့မှာတော့ ဒီလိုဖော်ပြ

လိုက်တယ်။ စကားလုံးတွေအရ ဟုတ်တယ်။ ဒါပေမဲ့ ဒါကိုဆက်ပြီး အကောင်အထည်ဖော်တဲ့အရာ မပေါ်လာတဲ့ အခြေအနေမျိုး ဖြစ်လာတဲ့အခါမှာ ဒီဥပဒေဟာ ရှေ့၊ နောက် ဆက်စပ်မှု၊ ချိတ်ဆက်မှု အားနည်းနေတယ်လို့ ကျွန်တော် ထောက်ပြခြင်း ဖြစ်ပါတယ်။

နောက် တတိယအချက်မှာ အဲဒါကတော့ ဘာလဲဆိုရင် ဥပဒေကြမ်းရဲ့ မူလပြဋ္ဌာန်းချက် ပုဒ်မ ၉ မှာ ကိုယ်တိုင်လာရောက် ခြင်းမပြုနိုင်တဲ့တိုင်အောင် သက်သေခံလက်မှတ် ထုတ်ပေးနိုင်တဲ့အကြောင်း ဖော်ပြထားတယ်။ နာမကျန်းသူတွေ ဘာ၊ ညာ စသည်ဖြင့် ဖော်ပြထားတာ ရှိပါတယ်။ အဲဒီမှာကျတော့ ဘာသွားတွေ့လဲ ဆိုတော့ ကိုးကွယ်ရာဘာသာနဲ့ပတ်သက်လို့ အဆုံးအဖြတ်ပြုခြင်းဟာ ကာယကံရှင် ကိုယ်တိုင်ရဲ့ ကိုယ်ပိုင် လွတ်လပ်တဲ့ပြဋ္ဌာန်းခွင့် ဖြစ်တဲ့အခါကျတော့ ရုံးကို မလာနိုင်တဲ့ ပုဒ်မ ၉ အရ ရုံးကိုလာနိုင်ခြင်းမရှိတဲ့ နာမကျန်းတဲ့ပုဂ္ဂိုလ်တို့၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေကျရင် ရုံးကို မလာနိုင်ခဲ့သည့် တိုင်အောင် ဘာသာကူးပြောင်းခွင့်ကို၊ လက်မှတ်ကို ထုတ်ပေးမယ်လို့ ပြဋ္ဌာန်းလိုက်တဲ့အခါမှာ ဘာသွားတွေ့ရလဲဆိုရင်တော့ ကိုယ်တိုင်ရဲ့ လွတ်လပ်တဲ့သဘောဆန္ဒ ထင်ရှားမရှိဘဲနဲ့ အခြား တစ်ပါးသူတွေရဲ့ ပယောဂနဲ့ ဘာသာကူးပြောင်းခွင့် ပေးရာရောက်သွားသလားဆိုတာ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ ကျွန်တော် အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။

နောက်တစ်ချက်တော့ မူလပြဋ္ဌာန်းချက် ပုဒ်မ ၁၀(ခ) ရဲ့ ပုဒ်မခွဲငယ်(၂) ပါ။ အဲဒီမှာ ဘာဖော်ပြထားသလဲဆိုတော့ တစ်စုံတစ်ဦးရဲ့ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း (သို့မဟုတ်) အနိုင်အထက်ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းရခြင်းကို လျှောက်ထားသူ ကိုယ်တိုင်က တင်ပြခြင်းမပြုသော်လည်းပဲ ပုဒ်မခွဲ (၂)မှာပါ။ တစ်နည်းနည်းနဲ့ စိစစ်တွေ့ရှိရသော် စိစစ်တွေ့ရှိချက်ကို လျှောက်ထားသူက အသိပေးမေးမြန်းပြီး လျှောက်ထားသူက ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် ဆန္ဒရှိကြောင်း ထပ်မံအတည်ပြုပါက သက်သေခံလက်မှတ် ထုတ်ပေးရမည်လို့ ပြောပြန် ပါတယ်။ အဲဒီတော့ အပိုဒ် ၁ မှာကတော့ ဒီလို ကျွန်တော်တို့ မလျော်သြဇာလုပ်တာတွေ၊ ခြိမ်းခြောက်တာတွေ၊ မလျော်သြဇာ သုံးတာတွေ၊ အနိုင်အထက်ပြုခြင်း ခံရပါတယ်လို့ လျှောက်ထားတဲ့ သူတွေက ပြောရင်တော့ ရှင်းတယ်။ ဒါဆိုရင် သူက လက်မှတ်ထုတ်မပေးတော့ဘူး။

နောက်တစ်ခုက စိစစ်ရေးအဖွဲ့ကနေပြီးတော့ ဆက်ဖော်ပြလိုက်တဲ့အပိုင်းက တစ်နည်းနည်းနဲ့ အဲဒီလိုအခြေအနေမျိုး ရှိတယ်လို့ စိစစ်ရေးအဖွဲ့က တွေ့ရှိတဲ့အခါမှာ ဒီလိုရှိရင် ကျွန်တော်တို့ စဉ်းစားရမှာက ဥပမာ ကာယကံရှင်က လာလျှောက်တယ်၊ သူ့အပေါ်မှာ မလျော်တဲ့သြဇာလွှမ်းမိုးမှုတွေ ရှိနေတယ်။ ဒါပေမယ်လို့ သူက မပြောဘူး။ ဒါပေမယ်လို့ တခြားတစ်ယောက်က ဒီလိုအခြေအနေမျိုးတွေ အမှန်ရှိနေပါတယ်လို့ ကျွန်တော်တို့ ဒီစိစစ်ရေးကော်မတီကနေပြီးတော့ ကိုယ်တိုင်အရ တခြားတစ်နည်းနည်းနဲ့ သိလာမယ်ဆိုရင် ဘာလုပ်မလဲ။ အဲဒီလို သိပြီးတဲ့တိုင်အောင်လည်းပဲ ဆန္ဒပြုတဲ့လူဟာ ဆက်ပြီး ဆန္ဒပြုမယ်ဆိုရင်၊ ဒီဘာသာကူးပြောင်းခွင့်လက်မှတ် ထုတ်ပေးမှာခြင်း အတူတူဆိုရင် ဒီအပိုဒ် အဲဒီလို ထည့်ထားတာဟာ ဘာကြောင့် ထည့်ထားတော့မှာလဲ။ အဲဒီလို ထည့်ထားတဲ့အတွက် ကျွန်တော်တို့က ဘာအထိ စဉ်းစားလို့ရလဲ ဆိုတော့ ကျွန်တော်တို့ သာမန်အားဖြင့်ဆိုရင် ပုဂ္ဂိုလ်တစ်ဦးဦးဟာ အိမ်ထောင်ရေး တစ်ခုခုကြောင့်ပဲဖြစ်စေ၊ ကျန်တဲ့မိသားစုက ဖိအားပေးပြီး လာပြောင်းခိုင်းတယ်။ သူကတော့ ကာယကံရှင် ဖြစ်တော့ ကျွန်တော် ဖိအားပေး မခံရဘူးလို့ သူပြောမယ်။ ဒါပေမဲ့ တကယ်တမ်း ပကတိအခြေအနေမျိုးမှာ အဲဒီလို ဖိအားမျိုးတွေရှိပါတယ်လို့ သိတဲ့လူက ကျွန်တော်တို့ ကော်မတီကို သဘောရိုးနဲ့လာပြီးတော့

ထောက်ပြတယ်၊ ဒီစိစစ်ရေးအဖွဲ့ကလည်း ဒါကိုသိရှိရတယ်။ အဲဒီလို သိရှိရပြီးတဲ့အခါ သူက ကာယကံရှင် ရောက်လာတဲ့အခါမှာ ငါတို့တော့ ဒီလိုစုံစမ်းလို့ရတယ်လို့ ရှင်းလင်းပြောပြပြီးတော့ ကာယကံရှင်ကို မေးမယ်။ ကာယကံရှင်က ကျွန်မ ပြောင်းပဲ ပြောင်းပါမယ်ဆိုရင် လက်မှတ်က ထုတ်ပေးလိုက်မယ်ဆိုရင် ဘာပြဿနာတက်လာလဲ ဆိုတော့ အဲဒီလို သိခဲ့၊ ကြားခဲ့ရတာကို သဘောရိုးနဲ့လာပြီးတော့ ပြန်ပြောတဲ့ သူတွေကိုယ်တိုင် ဟိုးနောက်မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၆ မှာ သူတစ်ပါးရဲ့ ဘာသာ ကူးပြောင်းရေးကို သွားပြီးတော့ နှောင့်ယှက်တယ်လို့ အကျိုးသက်ရောက်မှုဖြစ်လာမယ်ဆိုရင် အဲဒီလို လူတွေအပေါ်မှာ ရာဇဝတ်ကြောင်းအရ ပြန်ပြီးတော့ အမှု ဖြစ်လာနိုင်တာတွေလည်းရှိပါတယ်။ အင်မတန် ရှုပ်ထွေးသွားတဲ့ အနေအထားမျိုးမှာ ရှိပါတယ်။

အဲဒီတော့ အဲဒီလိုမျိုးဖြစ်ခဲ့ရင် ဆိုပါတော့ တစ်ဖက်ကလာပြောတယ်၊ သဘောရိုးနဲ့ ပြောတယ်၊ ဒါပေမယ်လို့ ကာယကံရှင်က သြဇာလွှမ်းမိုးခံထားရတဲ့သူက မဟုတ်ပါဘူးလို့ ပြောတယ်၊ လက်မှတ်က ထုတ်ပေးလိုက်တယ်။ အဲဒီတော့ သူနဲ့ပတ်သက်တဲ့လူဟာ ဒီလူဟာ ဒီကာယကံရှင် ဘာသာကူးပြောင်း တာကို လာပြီး နှောင့်ယှက်ပါတယ်လို့ ပုဒ်မ ၁၆ မှာဖော်ပြထားတဲ့ ပြစ်မှုကို ကျူးလွန်ပါတယ်လို့ဆိုရင် အဲဒီရုံးကိုလာပြီးတော့ ကူညီတဲ့၊ သတင်းပေးတဲ့ ပုဂ္ဂိုလ်များသည်ပင်လျှင် ပုဒ်မ ၁၉ အရ ပြစ်ဒဏ် ကျခံ ရမယ့် ဘေးတွေလည်း ရှိပါတယ်။

တစ်ခါ အဲဒီလိုလုပ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီစိစစ်ရေးအဖွဲ့ကနေ စစ်ဆေးတဲ့ အခါမှာ မလျော်သြဇာတွေ သုံးပါတယ်၊ သွေးဆောင်စည်းရုံးပြီးတော့ စစ်ဆေးပါတယ်လို့ဆိုတဲ့ ကန့်သတ်ချက်တွေ ကို ဖောက်ဖျက်ရာ၊ ကျူးလွန်တယ်လို့လည်း ပြောနိုင်ပါတယ်။ အဲဒီလို အနေအထားမျိုးတွေဟာလည်းပဲ ဥပဒေအရ ကျွန်တော်တို့ အများကြီး အလေးအနက်ထား စဉ်းစားသင့်တယ်လို့ ကျွန်တော်အကြံပြုခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မူလပြဋ္ဌာန်းချက်ရဲ့ ပုဒ်မ ၁၁ ပါ။ ပုဒ်မ ၁၁ မှာက သက်သေခံလက်မှတ် ထုတ်ပေးတဲ့နေ့ရက်မှာ ကိုးကွယ်ရာဘာသာ ကူးပြောင်းပြီး ဖြစ်တယ်၊ ဒါက မူလပြဋ္ဌာန်းချက်။ ဥပဒေကြမ်းက ပြင်တာက ကိုးကွယ်ရာဘာသာ ကူးပြောင်းခွင့်ရပြီး ဖြစ်သည်ဟု မှတ်ယူရမည်လို့ ဖော်ပြ ထားပြီးတဲ့နောက်ကျတော့မှ နောက်က ပုဒ်မ ၁၂ (က)နဲ့ (ခ)တွေမှာ ဒီလိုလက်မှတ်ရပြီးရင် သက်ဆိုင်ရာ ဘာသာ ဓလေ့ထုံးတမ်းစဉ်လာအရ ကူးပြောင်းရေးကိုလည်း ဆက်လုပ်ရမယ်။ ကူးပြောင်းရေးလုပ်ပြီးတဲ့ အခါမှာ အဲဒီ မိတ္တူနဲ့အတူတူ၊ မှတ်ပုံတင်ဌာနကို ပြန်ပြီး လျှောက်ထားရဦးမယ်လို့ ဖော်ပြလိုက်တယ်။ ဖော်ပြလိုက်တော့ ဥပဒေမှာ ဘာရှိလဲဆိုတော့ ရှေ့က ပုဒ်မ ၁၁ မှာ သက်သေခံလက်မှတ် ရလိုက်ပြီ ဆိုရင်ကိုပဲ ဥပဒေက သူက ပြောင်းလဲခွင့်ရပြီးသား ဖြစ်နေမှတော့ ပုဒ်မ ၁၂ က ဘာဖြစ်လို့ ထပ်ခိုင်းနေ သေးသလဲ။ ထပ်ခိုင်းလို့ မလုပ်ရင်ရော ဘာလုပ်မှာလဲဆိုတော့ ဥပဒေထဲမှာ ဘာမှမပါလာတာကို တွေ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့ ဥပဒေတွေထဲမှာရှိတဲ့ ပုဒ်မ အချက်တွေအရ ဥပဒေကြောင်းရဲ့ ကျွန်တော်တို့ ပြန်ပြီးစိစစ်သင့်တဲ့အချက်တွေအဖြစ် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအပိုင်းကတော့ ဥပဒေတစ်ရပ်လုံးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ (ဃ)မှာ ဘာသာ၊ သာသနာ ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိတယ်လို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ မှာကတော့ နိုင်ငံသားတိုင်းဟာ ဘာသာ၊ သာသနာအရေးမှာ လွတ်လပ်စွာ ယုဆနိုင်သော အခွင့်အရေး၊

လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေးတို့ အညီအမျှ ရရှိစေရမယ်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံပေးထားပါတယ်။

နောက်တစ်ခါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ မှာကတော့ လူမျိုးရေးကြောင့်သော် လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက် လာရန် အကြောင်းရှိသော မရည်ရွယ်သော်လည်းဘဲ အဲဒီလို ပေါ်ပေါက်လာရန်အကြောင်းရှိတဲ့ အပြုအမူ သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေ ပြဋ္ဌာန်းနိုင်တယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေ ပြဋ္ဌာန်းတဲ့ အခါမှာ အခု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဒီအခြေအနေတွေနဲ့ အခု ကျွန်တော်တို့ ပြဋ္ဌာန်း လိုက်မယ့် ဥပဒေမှာရှိတဲ့ အခြေအနေနဲ့ ဘယ်လောက်လိုက်လျောညီထွေ ဖြစ်ဖို့လိုမလဲ၊ သေသေချာချာ စိစစ်ပြီးတော့ စနစ်တကျ လေ့လာသုံးသပ်ပြီးတော့ ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော် အကြံပြုလိုခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၉ မှာက ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်မှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်တယ်လို့ ပြဋ္ဌာန်း ထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

နောက် တစ်ပိုင်းကတော့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် မိုလို့ လိုက်နာရန် တာဝန်ရှိတဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်မှု ရှိဖို့လည်းလိုပါတယ်။ ဒီလို ညီညွတ်မှုရှိဖို့လည်း ဒီဥပဒေကို လေ့လာစိစစ်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိ ပါတယ်။ နောက် နိုင်ငံတကာ စာချုပ်စာတမ်းများမှာ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတကာစာချုပ်တွေမှာ သဘောတူလက်မှတ် ရေးထိုး ထားတဲ့စာချုပ်တွေ ရှိပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ စာချုပ် CRC မှာ ကျွန်တော်တို့ လက်မှတ်ထိုးတာတွေ ရှိပါတယ်။ CRC မှာက အသက် (၁၈)နှစ်ရဲ့ အောက် ကလေးငယ်တွေရဲ့ ဘာသာယုံကြည်ခွင့်နဲ့ ပတ်သက်ပြီးတော့ အပိုဒ်(၁၄) နဲ့ အပိုဒ်(၃၀) တို့မှာ ပြဋ္ဌာန်း ထားတာတွေရှိပါတယ်။ ဆိုချင်တာက အသက်(၁၈)နှစ်ရဲ့အောက် ကလေးငယ်တွေရဲ့ ဘာသာရေးအရ လွတ်လပ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါတွေနဲ့လည်းပဲ အခု ကျွန်တော်တို့ ပြဋ္ဌာန်း လိုက်မယ့် ဥပဒေဟာ လိုက်လျောညီထွေဖြစ်ဖို့ ဒါတွေနဲ့ ဆန့်ကျင်ရာမရောက်ဖို့လည်း သတိပြုသင့်တယ် လို့ ကျွန်တော် အကြံပြုချင်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဥပဒေရဲ့သဘောကို ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒါ ကျွန်တော် တင်ပြချင်ပါတယ်။ စီးပွားရေးကြောင့်ပဲဖြစ်ဖြစ်၊ လူမှုရေးကြောင့်ပဲဖြစ်ဖြစ်၊ အိမ်ထောင်ရေးစတဲ့ အကြောင်း တစ်ဦးဦးကြောင့် လူတစ်ယောက်ရဲ့ လွတ်လပ်စွာ နဂိုက ကိုးကွယ်ခွင့်ရှိတဲ့ သူ ကိုးကွယ်နေတဲ့ ဘာသာကို အဲဒီလို ကိုးကွယ်ခွင့်ရှိအောင် ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေမျိုးက ပိုပြီးတော့ အကျိုးရှိမယ်လို့ ကျွန်တော် ထင်ပါတယ်။ မူလကိုးကွယ်နေတဲ့ဘာသာကိုပဲ ကိုးကွယ်ခွင့်ရှိနေစေရမယ်။ အိမ်ထောင်ရေး ကြောင့် သော်လည်းကောင်း၊ စီးပွားရေးကြောင့်သော်လည်းကောင်း ပြောင်းခွင့် မလုပ်ရဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေဟာ ဘယ်လိုဥပဒေမျိုး ဖြစ်သင့်သလဲ ဆိုရင် အဲဒီလို စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး စတာတွေကြောင့် မူလက ကိုးကွယ်နေတဲ့ဘာသာကို လွယ်လွယ်ကူကူ စွန့်လွှတ်

လိုက်ရတဲ့အနေအထားမျိုးမဖြစ်အောင် ဘယ်လိုကာကွယ်ပေးနိုင်မလဲ ဆိုတဲ့ ဥပဒေမျိုး ပိုပြီးတော့ ဖြစ်သင့်တယ်လို့ ကျွန်တော် သဘောရိုးနဲ့ တင်ပြပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အခုဆိုရင် ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကြောင့်ပဲ ဘာသာကူးပြောင်းဖို့ တွန်းအားပေးလိုက်သလို သွားဖြစ်မှာကိုလည်း စိုးရိမ်ရပါတယ်။ ဆိုချင်တာက ကျွန်တော်တို့ ဘာသာခြားနဲ့ ချလိုက်တယ် မင်းတို့ ဘာသာခြားနဲ့ဖြစ်ပြီး မင်း ဒီဥပဒေရှိနေပြီ မင်း သွားပြောင်းတော့လို့ ဆိုရင် ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေကြောင့်ပင်လျှင် ကျွန်တော်တို့ ဘာသာတစ်ခုကနေ ဘာသာတစ်ခုကို ပြောင်းဖို့ရန်အတွက် တွန်းအားပေးလိုက်မယ့်ဟာမျိုး ဖြစ်သွားမလား ဆိုတာကိုလည်းပဲ၊ အဲဒီလို ဘေးထွက်ဆိုးကျိုးမျိုး ရှိမလား ဆိုတာကိုလည်းပဲ ဂရုပြုပြီးတော့ ချင့်ချိန်စဥ်းစားသင့်တယ်လို့ ထင်ပါတယ်။

နောက်ဆုံးအနေနဲ့ကတော့ ဆန္ဒ ဒေါသ၊ ဘယာ မောဟ ဆိုတဲ့ အဂတိတရား ကင်းရှင်းပြီး အနှစ်သာရ ပြည့်ဝတဲ့ ဥပဒေတစ်ရပ် ဖြစ်စေဖို့အလို့ငှာ အလျင်စလို ဆောင်ရွက်ခြင်း၊ ကျယ်ပြန့်စွာ ညှိနှိုင်းသုံးသပ်ရေးဆွဲပြီးတော့ အတည်ပြုခြင်းဟာ ပိုပြီးတော့ ကောင်းမယ်လို့ အပြုသဘောနဲ့ အလေးအနက် အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒုတိယဗိုလ်မှူးကြီးသိန်းလွင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီး သိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား ထောက်ခံ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၁)ရှိ နိုင်ငံတော်၏ အခြေခံမူများကဏ္ဍမှာ ပုဒ်မ ၂၁ (က) ၌ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်ရေးတို့ ခံစားခွင့်ရှိသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၂၁(ဃ)မှာ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့် တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေ ပြဋ္ဌာန်းရမည်ဟု လည်းကောင်း ပါရှိပါတယ်။ ပုဒ်မ ၃၄ တွင်လည်း ငြိမ်ဝပ်ပိပြားရေးနဲ့သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရား နှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ သာသနာရေးတွင် လွတ်လပ်သော၊ ယုံဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေးတို့ အညီအမျှ ရစေရမည်ဟု ပြဋ္ဌာန်းပါရှိထားပါသဖြင့် ယခု ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်း

နိုင်ရေးအတွက် ဆောင်ရွက်ခြင်းသည် အထက်ပါပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီသည်ဖြစ်၍ ပြဋ္ဌာန်းသင့်သည့် ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။

ကိုးကွယ်ရာဘာသာ ကူးပြောင်းရေး ဥပဒေကြမ်းမှာ ကိုးကွယ်ရာဘာသာ ကူးပြောင်းရာ၌ မိမိ၏လိုလားသော သဘောဆန္ဒဖြင့် ကူးပြောင်းလိုသူ ဖြစ်ရခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်းနှင့်၊ အနိုင်အထက်ပြုခြင်းတို့အပြင် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းကို ကန့်သတ်ထားခြင်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် လျှောက်လွှာလျှောက်ထားသည့်နေ့မှ ရက်ပေါင်း (၉၀)ထက် မပိုသောကာလအတွင်း ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အခြေခံသဘောတရားများ၊ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းနှင့် ပစ္စည်းခန်း ခွဲဝေခြင်း၊ အမွေဆက်ခံခြင်းနှင့် သားသမီးအုပ်ထိန်းခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေ့လာနိုင်ရန် အချိန်ပေးထားခြင်းတို့အား ထည့်သွင်းပြဋ္ဌာန်းထားသည့်အတွက် သင့်လျော်မှုရှိကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၄ တွင် မည်သူမဆို မိမိကိုးကွယ်ရာဘာသာမှ အခြားဘာသာတစ်ခုခုသို့ လွတ်လပ်စွာ ကူးပြောင်းကိုးကွယ်ခွင့်ရှိကြောင်း၊ ထို့အပြင် ထိုသို့ ကူးပြောင်းကိုးကွယ်ခွင့် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာမှ မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်ရှိကြောင်း ဖော်ပြပါရှိရာ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းနဲ့ စပ်လျဉ်း၍ အကန့်အသတ်၊ အတားအဆီးမရှိ လွတ်လပ်စွာ ရွေးချယ်ဆောင်ရွက်ခွင့် ပြုထားကြောင်း အကြမ်းမည်မျှအထိ ထိုသို့ ကိုးကွယ်ကူးပြောင်းဆောင်ရွက်ခြင်းသည် ကိုလည်း ကန့်သတ်ထားခြင်း မရှိသည့် အတွက် မိမိရဲ့ဆန္ဒအလျောက် ရွေးချယ်နိုင်သည့် လွတ်လပ်ပိုင်ခွင့်ကို အပြည့်အဝ ဖော်ဆောင်ရာ ရောက်ရှိကြောင်း တွေ့ရှိရသဖြင့် သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၁၀(ခ)တွင် ဘာသာကူးပြောင်းရေးအတွက် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းတို့ကြောင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း မဖြစ်စေရန်အတွက် စိစစ်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ဖော်ပြထားကြောင်း တွေ့ရှိရသဖြင့် ဘာသာကူးပြောင်းခြင်းနှင့် စပ်လျဉ်း၍ ထိုသို့လွတ်လပ်ခွင့်များ ပေးထားသော်လည်း ထိုသို့ ဘာသာကူးပြောင်းရာတွင် မသမာမှုများ၊ နှောင့်ယှက်ဖျက်ဆီးလိုသော သဘောထားများဖြင့် ဆောင်ရွက်လိုမှုများကို ကာကွယ်တားဆီးရန် လိုအပ်သည့်အတွက် သင့်လျော်မှုရှိကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၈ ၌ လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်၊ လွတ်လပ်စွာ သက်ဝင်ကိုးကွယ်ခွင့် ရှိသည်ဟု ဖော်ပြထားရှိပါတယ်။ အဆိုပါအခွင့်အရေးများ၌ မိမိကိုးကွယ်သည့်ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲနိုင်ခွင့် ပါသည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ ဖြစ်စေ၊ အများပြည်သူရှေ့မှောက်တွင်သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲနဲ့သော်လည်းကောင်း မိမိကိုးကွယ်ရာဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ တင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့်နှင့် တည်ဆောက်နိုင်ခွင့်တို့ကိုလည်း ပါသည် ဟု ဖော်ပြထားရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်လည်း ညီညွတ်သည့် ဥပဒေတစ်ရပ် ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥပဒေကြမ်းတွင် ကူးပြောင်းရာဘာသာ ကူးပြောင်းလိုသူသည် အသက် (၁၈)နှစ် ပြည့်ရမည့်သူ ဖြစ်သည့်အပြင် မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုခြင်း ဖြစ်ရမည်ဖြစ်ရာ ပဋိညာဥ်ဥပဒေပုဒ်မ ၁၁ ပြဋ္ဌာန်းချက်ပါ မိမိနှင့်သက်ဆိုင်သည့် တရားဥပဒေအရ တရားဝင်အရွယ်ရောက်ပြီး ဖြစ်သူတိုင်းသည် စိတ်ကောင်းရှိလျက် ရှိသည့်အပြင် မိမိနှင့် သက်ဆိုင်သည့် တရားဥပဒေအရ ပဋိညာဥ်ပြုရန် အရည်အချင်း ချို့ယွင်းချက်မရှိလျှင် ပဋိညာဥ် ပြုလုပ်နိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီပြီး ပဋိညာဥ် အတည်ဖြစ်ရန် လွတ်လပ်သော သဘောတူညီချက် ရှိရမည်ဖြစ်သော၊ ပဋိညာဥ်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်လည်းညီညွတ်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ လူတိုင်းတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသည်၊ မည်သည့်ဘာသာမဆို လူသားတိုင်း လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိသည်။ အတင်းအဓမ္မ တိုက်တွန်းခံရခြင်းမှ ကင်းလွတ်၍ လူသားတိုင်း အမှန်တရားကို လွတ်လပ်စွာ ရှာဖွေပိုင်ခွင့်ရှိသည်ဟူ၍လည်း ကက်သလစ် သာသနာတော်မှ ဘာသာရေး လွတ်လပ်ခွင့် ကြေညာစာတမ်းတွင် ဖော်ပြပါရှိသည်ကို လေ့လာသိရှိရပါတယ်။

ယခု ပြဋ္ဌာန်းမည့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေမူကြမ်းတွင် ကိုးကွယ်ရာဘာသာတစ်ခုမှ အခြားကိုးကွယ်ရာဘာသာတစ်ခုသို့ ကူးပြောင်းပေးသည်နှင့် ထပ်မံကူးပြောင်းခွင့်ကို ပိတ်ပင်တားဆီးခြင်းမျိုးမဟုတ်ဘဲ ကူးပြောင်းကိုးကွယ်ခွင့် ရရှိသည့် ကိုးကွယ်ရာဘာသာမှ မိမိမူလ ကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားကိုးကွယ်ရာ ဘာသာသို့ဖြစ်စေ၊ ပြန်လည်ကူးပြောင်းနိုင်ခွင့် ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြင့် လူသားတိုင်းလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ မည်သည့် ဘာသာကို မဆို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိကြောင်း တွေ့ရှိရမည် ဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်များသည် လူတစ်ယောက်၏ လွတ်လပ်ခွင့်ကို လေးစားတန်ဖိုးထားခြင်းဖြစ်ပြီး လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားရာလည်း ရောက်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ ဥပဒေကြမ်း အပေါ် အကြံပြုဆွေးနွေးချက်အား PowerPoint ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း ၂။ ပုဒ်မ ၃၊ ပုဒ်မခွဲငယ် (က) မှာ မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာစိစစ်ရေး၊ မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည်ဟု ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ ဖွဲ့စည်းရမည်ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုက်ရတဲ့ အကျိုးအကြောင်းဖော်ပြချက်ကတော့ အဓိပ္ပာယ် ပိုမိုလေးနက်စေရန်အတွက် ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

နောက် အခန်း ၂။ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)မှာ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာ အလိုက် ရွေးချယ်တင်ပြထားသည့် ငါးဦးထက်မပိုသော မြို့မိမြို့ဖများ ဟု ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ ကိုးကွယ်ရာ ဘာသာအလိုက် တစ်ဦးကျစီ ရွေးချယ်ထားသော မြို့မိမြို့ဖများဟု ပြင်ဆင်လိုပါတယ်။ သက်ဆိုင်ရာ ကိုးကွယ်ရာ ဘာသာအလိုက် တန်းတူညီမျှ အချိုးညီပါဝင်နိုင်စေရေးအတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အသစ်ဖြည့်စွက်လိုတာကတော့ အခန်း ၂။ ပုဒ်မ ၃ အတွက် ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲငယ်(၁)ပါ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရမည့် မြို့နယ်သာသနာရေးမှူး မရှိသည့် မြို့နယ်များအတွက် မြို့နယ်သာသနာရေးမှူးတာဝန်ကို ပူးတွဲတာဝန်ထမ်းဆောင်သော မြို့နယ်ဦးစီး

ဌာနမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရမည် ဟု အသစ်ဖြည့်စွက်လိုပါတယ်။ မြို့နယ်သာသနာရေးမှူးရုံး မရှိသည့် မြို့နယ်များအတွက် ရည်ရွယ်ပြီး ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။

အခန်း ၂။ ပုဒ်မ ၃၊ ပုဒ်မခွဲငယ်(ခ) ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အား ဥပဒေကြမ်းကော်မတီ၏ အပိုဒ်ခွဲငယ်(ခ) အား အပိုဒ်ခွဲငယ်(ဂ) အဖြစ်ပြောင်းလဲ သတ်မှတ်ပြီးတော့မှ ပြင်ဆင်လိုပါတယ်။ နောက် အခန်း ၂။ ပုဒ်မ (၅) ပုဒ်မခွဲငယ် (ဂ)၊ ပုဒ်မခွဲငယ်(၄) မွေးဖွားရာအရပ် ကို ကျွန်တော့်အနေနဲ့ မွေးဖွားရာဇာတိ လို့ ပြင်ဆင်လိုပါတယ်။ မြန်မာစာ ရေးထုံးရေးနည်းအရ ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

အခန်း ၂။ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁၂) ကို ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသည့် အကြောင်းအရင်း သို့မဟုတ် ဘာသာမဲ့အဖြစ်သို့ ကူးပြောင်းလိုသည့် အကြောင်းအရင်း ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသည့် အကြောင်းအရင်း သို့မဟုတ် ဘာသာမဲ့အဖြစ်သို့ ကူးပြောင်း လိုသည့် အကြောင်းအရင်းနှင့်စပ်လျဉ်း၍ သီးခြားဖော်ပြလိုသည့်အချက်များဟု ပြင်ဆင်လိုပါတယ်။ အဲဒီမှာ ပြင်ဆင်လိုရတဲ့အကျိုးအကြောင်း ဖော်ပြချက်ကတော့ အပိုဒ်ခွဲ(ခ)မှာ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုခြင်း ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူအနေဖြင့် ကူပြောင်းလိုသည့် အကြောင်းအရင်းကို ဖော်ပြရန်ဆန္ဒရှိမှသာ ဖော်ပြနိုင်ရန်အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အခန်း ၄ ကို အသစ်ဖြည့်စွက်လိုပါတယ်။ ဒါ ကျွန်တော်တို့ တားမြစ်ချက် တစ်ခုအနေနဲ့ ဖြည့်စွက်လိုပါတယ်။ မည်သူမျှ ယခင်က ကိုးကွယ်ရာဘာသာ ကူးပြောင်းထားခြင်းကို ထိမ်ချန်၍ မိမိမူလကိုးကွယ်သည့်ဘာသာ သို့တည်းမဟုတ် အခြား ဘာသာတစ်ခုခုသို့ ထပ်မံကူးပြောင်းခြင်း မပြုရလို့ တားမြစ်ချက် ထပ်မံထည့်သွင်းလိုပါတယ်။ ထည့်သွင်းလိုတဲ့ အကျိုးအကြောင်းဖော်ပြချက်နဲ့ ဥပဒေကြမ်းပုဒ်မ ၁၃ မှာ မိမိကိုးကွယ်ရာဘာသာ ကူးပြောင်းရာတွင် အကန့်သတ်မရှိ ကူးပြောင်းနိုင်သည်ဖြစ်၍ တစ်ကြိမ် ကူးပြောင်းပြီးနောက် တစ်ကြိမ် ပြန်လည် ကူးပြောင်းရာတွင် ပထမ ကူးပြောင်းချိန်က ရရှိထားသော သက်သေခံလက်မှတ်ကို မှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း ဖော်ပြထားရှိရာ တချို့ မသမာသူများက မိမိ ယခင်ကိုးကွယ်ရာ ဘာသာကူးပြောင်းထားခြင်းကို ထိမ်ချန်ပြီးတော့မှ ရရှိထားတဲ့ သက်သေခံလက်မှတ်ကို ပြန်လည်အပ်နှံခြင်း မပြုဘဲ မိမိကိုးကွယ်ရာဘာသာသို့ ပြန်လည်ကူးပြောင်းရန်အတွက် မသမာသောနည်းဖြင့် ဆောင်ရွက်လျှောက်ထားခါ ဘာသာနှစ်ခုအတွက် သက်သေခံလက်မှတ် ကိုင်ဆောင်ပြီးတော့မှ မမှန်မကန် အသုံးပြုသူများကို တားဆီးရန်အတွက် ထည့်သွင်းရခြင်းဖြစ်ပါတယ်။

အထက်ဖော်ပြပါတားမြစ်ချက်အတွက် ပြစ်ဒဏ်သတ်မှတ်ချက်အား အခန်း(၅)တွင် အသစ်ဖြည့်စွက်ထားသော တားမြစ်ချက်အတွက် ပြစ်ဒဏ်ကို ပုဒ်မ(၁၄) အတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း သတ်မှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေသည် လူတိုင်း လွတ်လပ်စွာ

ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများဖြင့်သော်လည်းကောင်း ကိုက်ညီတဲ့ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။

ဤဥပဒေကြမ်းကို သာမန်အားဖြင့် ကြည့်မည်ဆိုပါက ကိုးကွယ်ရာဘာသာ ကူးပြောင်းမှုကို ကန့်သတ်ခြင်းဟု ယူဆဖွယ်ရာ ရှိပေမယ့်လည်း ဥပဒေကြမ်းကို အသေးစိတ် လေ့လာကြည့်လျှင် ကိုးကွယ်ရာဘာသာ တစ်ခုမှတစ်ခုသို့ လွတ်လပ်စွာကူးပြောင်းခွင့်ရှိသည့်အပြင် ကူးပြောင်းမှု အရေအတွက်ကိုလည်း ကန့်သတ်ထားမှု မရှိကြောင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းမှုအား ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်းတို့အားလည်း တားမြစ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါတယ်။ ဤ ဥပဒေကြမ်း ၏ အဓိကရည်ရွယ်ချက်မှာ ဘာသာကူးပြောင်းမှုအတွက် တစ်ဦးနဲ့တစ်ဦးကြား အထင်အမြင် လွဲမှားပြီး မလိုလားအပ်သော ပြဿနာများ မပေါ်ပေါက်စေရေးအတွက် ကိုးကွယ်ရာဘာသာ ကူးပြောင်းမှုကို စနစ်တကျ စီစဥ်ဆောင်ရွက်ပေးသည့် ဥပဒေကြမ်းဖြစ်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မရှင် အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း

ရေးဆွဲရေးကော်မရှင်က တင်သွင်းတဲ့ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ မူကြမ်းပါ ပုဒ်မ(၄)၊ ပုဒ်မ (၅)နဲ့ ပုဒ်မ (၂၄)စတဲ့ ပုဒ်မ(၃)ခုနဲ့ စပ်လျဉ်းပြီး ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း ကျွန်တော့်ရဲ့ တစ်ဦးတည်း ဆန္ဒဖြင့် အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ပုဒ်မ(၄) နဲ့ စပ်လျဉ်းပြီး တင်ပြလိုပါတယ်။ မူလပြဋ္ဌာန်းချက် မူကြမ်းမှာ မည်သူမဆို ပုဒ်မခွဲ(က) မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာတစ်ခုသို့ဖြစ်စေ၊ လွတ်လပ်စွာ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ(ခ)မှာ ကူးပြောင်းကိုးကွယ်ခွင့် ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလကိုးကွယ်ရာဘာသာသို့ ဖြစ်စေ၊ အခြားဘာသာသို့ဖြစ်စေ ကူးပြောင်းခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြင်ဆင်လိုသည်မှာ ပုဒ်မ (၄) မည်သူမဆို မိမိကိုးကွယ်ရာဘာသာမှဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ အခြားကိုးကွယ်ရာဘာသာဖြစ်စေ၊ ကိုးကွယ်ရာဘာသာတစ်ခုမှ ဘာသာမဲ့အဖြစ်သို့ဖြစ်စေ လွတ်လပ်စွာကူးပြောင်း ကိုးကွယ်ခွင့်ရှိသည်။ ပုဒ်မခွဲ(က) ဤဥပဒေအရ အသက်(၁၈)နှစ် မပြည့်သေးပါက ထိုသူ၏ ကိုးကွယ်ရာဘာသာသည် သန်းခေါင်စာရင်း သို့မဟုတ် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားတို့၌ ဖော်ပြထားသည့် မိရင်း၊ ဖရင်းတို့၏ ကိုးကွယ်ရာဘာသာ အတိုင်းပင်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ) မိရင်း၊ ဖရင်းတို့၏ ကိုးကွယ်ရာဘာသာနှင့် ပတ်သက်၍ မှတ်တမ်းမရှိရင် သော်လည်းကောင်း၊ အထင်အရှားပေါ်လွင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ မိခင်နှင့် ဖခင်တို့၏ ကိုးကွယ်ရာဘာသာတို့မှာ မတူကွဲပြား ခြားနားလျက်ရှိခဲ့ရင်သော်လည်းကောင်း ဖြစ်ခဲ့ပါက ထိုအရွယ်မရောက်သေးသူ၏ ကိုးကွယ်ရာဘာသာသည် မိဘနှစ်ပါးက နှစ်ဦးသဘောတူ သတ်မှတ်ပေးသည့် အတိုင်း ဖြစ်ရမည်ဟုလည်းကောင်း ပြင်ဆင် ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုပါတယ်။

ပြင်ဆင်လိုတဲ့အကြောင်းကတော့ မူလဥပဒေမှာ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာ တစ်ခုသို့ ဟုသာ ပါရှိပြီး၊ ကိုးကွယ်ရာဘာသာတစ်ခုမှ ဘာသာမဲ့အဖြစ်သို့ ကူးပြောင်းလိုက ကူးပြောင်းနိုင်ခွင့်ရရှိရေးအတွက်လည်းကောင်း၊ အသက်(၁၈)နှစ် မပြည့်သေးပါက ကိုးကွယ်ရာဘာသာ သတ်မှတ်ရန်အတွက်လည်းကောင်း၊ မှတ်တမ်းမရှိလျှင် မိဘနှစ်ပါးက နှစ်ဦးသဘောတူ သတ်မှတ်ပေးသည့် အတိုင်း ဖြစ်စေရမည်ဟုလည်းကောင်း အသေးစိတ်ဖော်ပြလိုပါသဖြင့် ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေဖြင့် ပုဒ်မ(၅)၊ ပုဒ်မခွဲ(က)နဲ့ (ခ)နဲ့ ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက် မူကြမ်းမှာ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူသည် ပုဒ်မခွဲ(က) အသက်(၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ ပုဒ်မခွဲ(ခ) မိမိ၏လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုခြင်း ဖြစ်ရမည် ဟု ပါရှိပါတယ်။ ပြင်ဆင်လိုသည့်အချက်မှာ ပုဒ်မ (၅) ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူသည် ပုဒ်မခွဲ(က) အသက်(၂၀)ပြည့်ပြီးသူ ဖြစ်ရမည် ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ) မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုခြင်း ဖြစ်ရမည် ဟု လည်းကောင်း ပြင်ဆင်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်လိုခြင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆန္ဒမဲပေးနိုင်တဲ့ အသက်ဟာ (၁၈)နှစ်လို့ ပြဋ္ဌာန်းထားပေမယ့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ မိန်းကလေးရဲ့ လွတ်လပ်တဲ့ ကိုယ်ပိုင်ဆန္ဒဖြင့် တရားဝင်လက်ထပ် ထိမ်းမြားနိုင်တဲ့အသက်ဟာ (၂၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်ဟု

တွေ့ရှိရပါတယ်။ (၁၈)နှစ်နဲ့ (၂၀)နှစ်အတွင်းဆိုရင်တော့ မိဘအုပ်ထိန်းသူရဲ့ သဘောတူညီချက် ပါရှိရပါမယ်။ ဒီ ဘာသာကူးပြောင်းမှုကိစ္စဟာလည်း လက်ထပ်ခြင်းနဲ့ ပတ်သက်ဆက်နွှယ်နေတာဖြစ်လို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံး တတိယအချက်ကတော့ ပုဒ်မ(၂၄)ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မူကြမ်းကတော့ ပုဒ်မ(၂၄) သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအရ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ(၁၅) ပါ သွေးဆောင်ခြင်း ဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ ဟု ဖြစ်ပါတယ်။ ပြင်ဆင်လိုသည်မှာ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအရ ဘာသာတူများအတွင်း ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ(၁၅)ပါ သွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ ဟု ဖြစ်ပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းလိုတဲ့ အကြောင်းကတော့ ဘာသာတူများအတွင်းဟု ဖြည့်စွက်ခြင်းဖြင့် ပုဒ်မ(၁၅) ပါ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းစတဲ့ အန္တရာယ်တို့မှ ကာကွယ်နိုင်လိမ့်မယ်ဟု ယူဆပါသဖြင့် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြောင်းကျိုးတင်ပြချက်များကြောင့် ပုဒ်မ(၄) ပုဒ်မ(၅)နဲ့ ပုဒ်မ(၂၄)တို့ကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၂။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးတဲ့ အစီအစဉ်ထဲမှာ ဒီ နောက်ပိုင်းမှာ ဆွေးနွေးရတာ တစ်ခုကောင်းပါတယ်။ ရှေ့က ဆွေးနွေးတဲ့ လူတွေရဲ့ အကြံဉာဏ်တွေ ကျွန်တော် သိရတာပါ။ ကျွန်တော်ရှေ့က ဆွေးနွေးခဲ့တဲ့ အထဲမှာ အခုနက ဆွေးနွေးသွားတဲ့ ဦးဉာဏ်လင်းနဲ့ ဦးအောင်ကြည်ညွန့် ရဲ့ ဆွေးနွေးချက်တွေကြားရတာ အထူးပဲ ကျေးဇူးတင်ပါတယ်။ အထူးပဲ ဗဟုသုတ တွေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မြန်မာနိုင်ငံမှာ နိုဘယ်ဆုရ စာပေနဲ့ပတ်သက်လို့ ကမ္ဘာ့နိုဘယ်ဆုရစာပေတွေ ပြန်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်နေပါပြီ။ ဥက္ကဋ္ဌကြီးလည်း တက်ရောက်ခဲ့တာ တွေ့ပါတယ်။ ကမ္ဘာ့နိုဘယ်ဆုရစာပေထဲမှာ ဘာသာရေးနောက်ခံစာပေဖြစ်တဲ့ အယ်(လ်)ဘက်ကမျူး ရေးတဲ့ Outsider ဆိုတဲ့စာကို ကျွန်တော် ဖတ်ဖူးပါတယ်။ ဆရာထင်လင်းက စည်းအပြင်ကလူလို့ ဘာသာပြန်ထားတာပါ။ ဘာသာရေးနောက်ခံ ဝတ္ထုပါ၊ ဒီ ဝတ္ထုမှာ စည်းအပြင်ကလူဖြစ်တဲ့ ဘာသာမဲ့ တစ်ယောက်ရဲ့ နေပုံထိုင်ပုံ ပြုမူ ပြောဆိုပုံတွေကို အထူးရေးဖွဲ့ထားတာတွေ့ရပါတယ်။ သူဟာ ဆိုလို့ရှိရင် သူ့အမေသေတယ်၊ သူ့အမေဆီ သွားတယ်၊ ပြန်လာတယ်၊ ပြန်လာပြီးတဲ့အခါမှာ သူ့ရည်းစားနဲ့ လျှောက်လည်တယ်၊ ရယ်ရွှင်ဖွယ်ရုပ်ရှင်ကားကို ကြည့်တယ်၊ သူရည်းစားနဲ့ အတူတူအိပ်တယ်၊ မနေချင်တဲ့ အခါမှာ ဆင်းပြီးတော့ လမ်းပေါ် လျှောက်ကြတယ်။

ဒီလိုအခြေအနေမျိုးတွေ ဘာသာမဲ့တစ်ယောက်ရဲ့ နေထိုင်အပြုမူမျိုး ဖော်ပြထားတာတွေ့ရပါတယ်။ နောက်ဆုံးမှာ သူဟာဆိုလို့ရှိရင် သူစိတ် ကို မထိန်းနိုင်တဲ့အခါမှာလည်း အလွယ်တကူပဲ လူသတ်လိုက်ပါတယ်။ လူသတ်မှုနဲ့ ပတ်သက်လို့ သူဟာ တရားရုံးမှာ ရောက်တဲ့အခါမှာ တရားသူကြီးကလည်း သူ့ကို နားမလည်နိုင် ဖြစ်နေပါတယ်။ သူ့ရဲ့ အပြုအမူတွေကို သူ့ပြစ်မှုကို မစဥ်းစားဘဲနဲ့ သူ့ရဲ့ အပြုအမူတွေကို စဥ်းစားတဲ့အခါမှာ သူ့ရဲ့အပြုအမူတွေကို နားမလည်တော့ပါဘူး။ နောက်ဆုံးမှာတော့ တရားသူကြီးက သူ့ကိုသေဒဏ်ပေးလိုက်ပါတယ်။ အဲဒီခေတ်က သေဒဏ်အရတော့ ခေါင်းဖြတ်စက်နဲ့ သတ်ခံရမှာဖြစ်ပါတယ်။ သူဟာ ခေါင်းဖြတ်စက် နဲ့ သတ်ခံရမယ့်အချိန်မှာ သူဟာ အကျဥ်းထောင်မှာ နေရပါတယ်။

အဲဒီအခါမှာ ဘာသာရေးဆရာဟာ သူ့ကို နောက်ဆုံးလူသားအဖြစ် သူ့ကို ဘာသာရေးနဲ့ ပတ်သက်လို့ သွန်သင်ဆုံးမမှုတွေ ဆုတောင်းမှုတွေ လုပ်ပါတယ်။ ဒါပေမဲ့ ခက်နေတာက ဘာသာမဲ့ဖြစ်တဲ့ အတွက် သူ ဆုတောင်းမှုတွေ လက်မခံပါဘူး။ နောက်ဆုံး ဘာသာရေးဆရာနဲ့ ထောင်ထဲမှာပဲ အကျယ်ကျယ် အငြင်းပွားမှုတွေဖြစ်ပြီးတော့ ဒီ ဘာသာရေးဆရာကို အခန်းအပြင်ကို တွန်းထုတ်တဲ့အဆင့် ထိရောက် တယ်လို့ ရေးဖွဲ့ထားပါတယ်။ နောက်ဆုံးမှာတော့ ဘာသာရေးဆရာက သူ့ကို ဘယ်လိုမှ တရားချမရတဲ့ အခါမှာ ဘာသာရေးဆရာက သေဒဏ်ကျ အကျဥ်းသားကို ပြန်ပြီးမေးရမယ့် အခြေအနေ ပေါ်ပါတယ်။ ဘာသာရေးဆရာက ဘာမေးလဲဆိုတော့ ဟုတ်ပြီ၊ မင်းကတော့ သေတော့မယ့်လူ၊ ဟုတ်လား၊ မကြာခင်ခေါင်းဖြတ် သတ်ခံရတော့မယ့်သူ မင်းဘဝက ပြီးသွားပြီ၊ ဒါပေမဲ့ ငါ့ဘဝ တစ်သက်လုံးမှာ ဘာသာ အယူအဆတစ်ခုတည်းမှာ တည်ဆောက်လာတယ်။ အဲဒီတော့ ဒီဘာသာ အယူဝါဒ ဘုရားမရှိတော့ဘူး။ ဘာသာအယူဝါဒလည်း မရှိတော့ဘူးဆိုရင် ငါ ဘယ်လိုတည်ဆောက်ရတော့မလဲ ဆိုတာမျိုးကို မေးခွန်း မေးခဲ့ပါတယ်။ ဒီ ဝတ္ထုရဲ့ အနှစ်သာရက ဒါပါပဲ။ နောက်ဆုံးတော့ လူသားတွေဟာ ဘာသာအယူဝါဒ မရှိလို့ရှိရင် ဘယ်လို ရပ်တည်ရမလဲ၊ ဘယ်လိုတည်ဆောက်ရမလဲဆိုတာ ဒီနေ့ ဘာသာမဲ့တွေ ရော၊ ဘာသာရှိတဲ့ လူတွေအတွက်က စိန်ခေါ်နေတဲ့ အဖြေတစ်ခုပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူသားလောကမှာ နှစ်(၁၀၀)အတွင်းမှာ အကြီးအကျယ်ဆုံး ဉာဏ်ပညာ အကြီးဆုံးဖြစ်တဲ့ အိုင်စတိုင်းကို လူတွေကမေးပါတယ်။ ဆရာကြီး၊ ဆရာကြီးတွေက ဘာသာ အယူဝါဒမဲ့လားဆိုတော့ မဟုတ်ပါဘူး ပြောပါတယ်။ သူကိုယ်တိုင်ကိုက ဘာသာအယူဝါဒရှိတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ဉာဏ်ပညာအရှိဆုံးဖြစ်တဲ့ အိုင်စတိုင်းတောင်မှ ဘာသာ အယူဝါဒတစ်ခုကို ဖက်တွယ်ထားရလို့ပါ။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေရဲ့ နိဒါန်းမှာ ဘာကို ဖော်ပြသလဲဆိုရင် လွတ်လပ်စွာရွေးချယ်ခွင့် ရရှိရန် ဆိုတဲ့ ရည်ရွယ်ချက်ကို နိဒါန်းကို ဖော်ပြထားပါတယ်။ သူရဲ့ ဖော်ပြချက်က ရှေ့မှာ ဖွဲ့စည်းပုံ အခြခံဥပဒေ ပုဒ်မ(၃၄) ပါ ပြဋ္ဌာန်းချက်ကို ညွှန်းပါတယ်။ အဲဒီတော့ (၃၄) ပါ ပြဋ္ဌာန်းချက်ကို ယူတဲ့ အခါမှာကျတော့ သူက လွတ်လပ်စွာ ယူဆနိုင်သောလို့ပြောပါတယ်။ ရွေးချယ်ပိုင်ခွင့်လို့ မပြောပါဘူး။ လွတ်လပ်စွာ ယူဆနိုင်သောဟာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်လားဆိုတာ၊ ကျွန်တော်တို့ မေးစရာ မေးခွန်း အခြေအနေတွေ ပေါ်ပေါက်နေပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ငယ်စဥ်ဘဝကို တင်ဆက်ပါရစေ။ ကျွန်တော့်ရဲ့ ငယ်စဥ်ဘဝမှာ ကျွန်တော့်ကို ဘယ်လိုမွေးဖွားတယ်ဆိုတာ ကျွန်တော် မမှတ်မိပါဘူး။ ကျွန်တော် မှတ်မိတဲ့

အရွယ် (၆)နှစ်၊(၇)နှစ်အရွယ် မှာ ဒီအမျိုးသမီးကြီးက ငါ့အမေပါလား။ ဒီ အမျိုးသားကြီးက ငါ့အဖေ ပါလားဆိုပြီးတော့ ကျွန်တော် မှတ်မိတဲ့ အရွယ်မှာသိရပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော် လူ့ဘဝကို ရောက်လာတာ ရွေးချယ်ပိုင်ခွင့်နဲ့ လူ့ဘဝကို ရောက်လာတာမဟုတ်ပါဘူး။ ကျွန်တော့် အဖေ၊ အမေကို လည်း ကျွန်တော် ရွေးချယ်ပိုင်ခွင့်နဲ့ ရခဲ့တာမဟုတ်ပါဘူး။ သူတို့ရဲ့ ရွေးချယ်ပိုင်ခွင့်လားတော့ မသိပါဘူး။ ကျွန်တော်သိတဲ့အချိန်မှာ ကျွန်တော့် အဖေ၊ အမေဟာ ဖြစ်တည်ပြီးဖြစ်နေပါတယ်။

အဲဒီတော့ အဖေ၊ အမေရယ်လို့ ရွေးချယ်ခွင့် မရခဲ့သလို အဖေ၊ အမေကိုးကွယ်တဲ့ ဘာသာ ကိုလည်း ရွေးချယ်ခွင့် မရခဲ့ပါဘူး။ ကျွန်တော် (၁၀)နှစ်သားကျော် အရွယ်ရောက်တဲ့အခါမှာ ကျွန်တော့် အဖိုး၊ အဖွားဆီရောက်တဲ့အခါမှာလည်း ကဲ ငါ့မြေး မင်း ရှင်ပြုရမယ်၊ လာ မင်း သယ်န်း တောင်းကျက်၊ သယ်န်းတောင်းကျက်ပြီးတော့ ကျွန်တော် ရှင်ပြုခဲ့ရပါတယ်။ ကျွန်တော့် ရွေးချယ်ပိုင်ခွင့်နဲ့ မဟုတ်ပါဘူး။ သူတို့ရဲ့ ရွေးချယ်ပိုင်ခွင့်၊ သူတို့ရဲ့ အစီအစဉ်တွေနဲ့ ကျွန်တော်ဟာ ရှင်ပြုခဲ့ရခြင်း ဖြစ်ပါ တယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဘာသာကတော့ ကျွန်တော့်ရဲ့ လွတ်လပ်စွာ ရွေးချယ်ခွင့်နဲ့ ရရှိတဲ့ဘာသာမဟုတ်ပါဘူး။ ကျွန်တော်ငယ်စဉ်ဘဝကတော့ အဖေ၊ အမေ၊ အဖိုး၊ အဖွား ရဲ့ ပြဋ္ဌာန်းချက်နဲ့ ရောက်ခဲ့တာပါ။ ဒီလိုနဲ့ ကျွန်တော်မှာ အသက်(၁၈)ကျော်ပြီး တက္ကသိုလ် ရောက်တဲ့အခါမှာ ကျွန်တော် တက္ကသိုလ်မှာ ကျွန်တော် ကြိုက်တဲ့ဘာသာရပ်ကို သင်ကြားပိုင်ခွင့်ရပါတယ်။ ဒါနဲ့ပတ်သက်လို့ မိဘတွေက ဘာမှ မပြောပါဘူး။ မင်းကြိုးစားကွာ ဒီလောက်ပဲပြောပါတယ်။ ဘာသာရေးနဲ့ ပတ်သက်လို့ ကျတော့ လွတ်လပ်စွာ ကဲ မင်း (၁၈)နှစ်ပြည့်ပြီ အရွယ်ရောက်ပြီ။ မင်းကြိုက်တဲ့ဘာသာ ရွေးချယ်ခွင့် ပေးလား ဆိုတော့ မပေးပါဘူး။ မပေးတဲ့အပြင် ဟန့်တားမှုတောင် ရှိပါတယ်။

ကျွန်တော် ဥပမာဖြင့် တင်ပြရမယ်ဆိုရင် ကျွန်တော့်သူငယ်ချင်းမိတ်ဆွေ အမျိုးသမီး တစ်ယောက်က ခရစ်ယာန်ပါ။ ချောပါတယ်၊ လှပါတယ်။ ကျွန်တော် စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားတဲ့ အတွက် သူနဲ့နီးစပ်အောင် ကျွန်တော်က တနင်္ဂနွေနေ့တွေမှာ သူနဲ့အတူ ဘုရားကျောင်းလိုက်တက် ပါတယ်။ တက်တဲ့အခါမှာ ကျွန်တော် ဘုရားကျောင်းတက်ဖို့ အဝတ်အစားပြင်ဆင် သပ်သပ်ရပ်ရပ် သွားတယ်၊ သွားတော့ အမေက မေးတယ်။ မင်းဘယ်သွားလဲ၊ ဘယ်သွားလဲဆိုတော့ အမေ ဒီလိုပဲ ဘုရားကျောင်း လိုက်တက်နေတယ်၊ ကောင်မလေးကို ကြိုက်လို့ပြောတော့၊ အမေကနောက်တော့ ပြောပါတယ်။ ကြိုက်တာတော့ မပြောပါဘူး။ ကိုယ့်ဘာသာကိုနေ သဘောပြောတာပါ။ အမေပြောတဲ့ ကိုယ့်ဘာသာ နေဆိုတာ ကိုယ့်ဘာသာနဲ့ကိုယ် နေရမယ့်သဘောပြောတာပါ။ အဲဒီတော့ မိဘတွေက ကျွန်တော်ကို ဘာသာရေးနဲ့ပတ်သက်လို့ ပိတ်ပင်ဖို့တောင်လုပ်တဲ့သဘောလို့ ပြောလို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတော့ ကျွန်တော့် အဖေလည်းမရှိတော့ပါဘူး၊ အမေလည်း မရှိတော့ ပါဘူး။ ကျွန်တော်လည်း အသက်(၅၀)ရှိပါပြီ။ ကျွန်တော် ဘာသာတစ်ခုကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရပြီလားလို့ ပြောစရာရှိလို့ရှိရင် ကျွန်တော် ရွေးချယ်မှာ မဟုတ်တော့ပါဘူး။ ဒါဟာ ကျွန်တော့်ရဲ့ ကိုယ်ကျင့်တရား ပါပဲ။ ကျွန်တော် လူ့ဘဝကို ရွေးချယ်ခွင့်မရသလို ကျွန်တော့်အဖေ၊ အမေရဲ့ ဘာသာကို လည်းရွေးချယ်ခွင့်မရပါဘူး။ ကျွန်တော် အခု ဒီအချိန်မှာ ကျွန်တော့် ပြဋ္ဌာန်းချက်ဖြစ်တဲ့ ကျွန်တော့် အမေ၊ အဖေဘာသာကိုပဲ ကိုးကွယ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ရိပ်သာလမ်းမှာ ဟောပြောပွဲတွေ တစ်ချိန်တုန်းက လုပ်ကြ ပါတယ်။ အဲဒီတုန်းက Colonel ကြည်မောင် က နိုင်ငံရေးနဲ့ပတ်သက်လို့ ဘာဟောပြောလဲဆိုရင်

နိုင်ငံရေးဆိုတာ Choice ပဲကွတဲ့။ သူက စင်မြင့်ကနေ Public ကို ဟောတာပါ။ အဲဒီတော့ ပြောမယ် ဆိုလို့ရှိရင် နိုင်ငံရေးက ဒီနေ့နိုင်ငံရေးက Choice ပါပဲ။ ဒါပေမဲ့ လူ့ဘဝက Choice မဟုတ်ပါဘူး။ ကျွန်တော်တို့က လူ့ဘဝက ကျွန်တော်ဟာဆိုလို့ရှိရင် လူ့ဘဝကိုရောက်ဖို့ အတွက် မိုးကောင်းကင်ကနေ Helicopter နဲ့ ဆင်းလာလို့ရှိရင်တော့ ကျွန်တော် ကြိုက်တဲ့ မုန့်စားမယ်၊ ကျွန်တော်ကြိုက်တဲ့ Beach မှာနေမယ်၊ ကျွန်တော်ကြိုက်တဲ့ ဘာသာကိုကိုးကွယ်မယ်၊ ကျွန်တော် ကိုးကွယ်နိုင်ဖို့အတွက် ကျွန်တော် ဘာသာရေးဆရာတွေရဲ့ ဟောပြောပွဲကိုကြည့်ပြီးတော့ အဲဒီထဲကနေ တစ်ယောက်ကို Choice လုပ်သွား ပါမယ်။ ဒီလိုမျိုး အခြေအနေမျိုး ဖြစ်တာပါ။

ဒါပေမဲ့ ကျွန်တော်က လူ့ဘဝကို Helicopter နဲ့ဆင်းလာတဲ့ အခြေအနေမျိုး မဟုတ်ပါဘူး။ အဲဒီတော့ ဒီမှာ ဒီ Colonel ကြည်မောင် က ပြောတဲ့ ဘာသာရေးမှာ၊ နိုင်ငံရေးက Choice လို့ပြော ပေမယ့် သူ့ရှေ့မှာ အခင်းရှိပါတယ်။ သူက ဘာအခင်းလဲဆိုတော့ အေး သင်္ဂဇာဆရာတော်ကတော့ကွာ ဘာသာရေး ဆိုတာ စိတ်လို့ပြောထားတယ်။ ဒါကို အနေအထားပြုပြီးတော့မှ နိုင်ငံရေးအရ ကျတော့ Choice လို့ ပြောတာပါ၊ အဲဒီတော့ ဘာသာရေးနဲ့ နိုင်ငံရေးဟာ တူညီမှုမရှိဘူးဆိုတဲ့ သဘောပြောတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကမ္ဘာပေါ်မှာတော့ ဒီမိုကရေစီဟာ အလွန်ရေပန်းစားနေပါပြီ၊ ဒီမိုကရေစီနိုင်ငံကြီးဟာဆိုရင် ကမ္ဘာမှာ လူကြိုက်အများဆုံး နိုင်ငံကြီး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီမိုကရေစီက သက်တမ်းရင့် အမေရိကန် နိုင်ငံရေးသမားတစ်ယောက် ပြောတာ။ ဒီမိုကရေစီ ဆိုတာ ပြီးပြည့်စုံတဲ့စနစ်လား၊ ကောင်းမွန်တဲ့စနစ်လား ဆိုတာ မဟုတ်ဘူးလို့ ပြောပါတယ်။ လက်ရှိ ဒီမိုကရေစီ စနစ် က ဒါပေမဲ့ ဘယ်လိုဖြစ်နေလဲဆိုရင် ဒီမိုကရေစီစနစ်မှ မဟုတ်လို့ရှိရင် သက်ဦးစံပိုင်စနစ်တွေ၊ ဘာသာရေးလွှမ်းမိုးတဲ့ စနစ်တွေ၊ စစ်တပ်ကို အခြေခံတဲ့စနစ်တွေ၊ မျိုးရိုးစဉ်ဆက်ကို အခြေခံတဲ့ နိုင်ငံရေး စနစ်တွေ မရှိမှတဲ့။ အဲဒီတော့ ဒီစနစ်တွေ မလိုချင်ဘူးဆိုလို့ရှိရင်တော့ ဒီမိုကရေစီစနစ်ပဲ ယူရမယ်လို့ ပြောပါတယ်။

တစ်နည်းအားဖြင့်သူတို့ရဲ့ ဖွင့်ဆိုချက်အရ ဒီမိုကရေစီစနစ်ဆိုတာ နိုင်ငံရေးစနစ်ဆိုတာ အနူတောမှာ ကြက်ဆူပင် လို့တောင် ပြောလို့ရပါတယ်။ ဒီထက်ကောင်းတဲ့ စနစ်မရှိလို့သာ ဒီစနစ်ကို လက်ခံနေရတဲ့သဘောပါပဲ၊ ဒီစနစ်ကတော့ Choice ကို အခြေခံထားပါတယ်။ အဲဒီတော့ ဒီ Choice ရဲ့သဘောတရားဟာ ဘာသာရေးမှာ သုံးလို့ရမရ ကျွန်တော်တို့က ပြောလို့ရပါတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ (၃၄)မှာပြောတဲ့ လွတ်လပ်စွာယူဆနိုင်သောဟာ၊ လွတ်လပ်စွာရွေးချယ်နိုင်ခွင့်လား၊ Choice လို့ဆိုတာ မေးရမယ့် အခြေအနေရောက်ပါပြီ။

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာရေးနဲ့ပတ်သက်လို့ မိရိုးဖလာ ဘာသာကိုပဲ ကိုးကွယ်ရမယ် ဆိုရင် လွတ်လပ်စွာ ဘာသာကူးပြောင်းခွင့်ဆိုတာ မရှိနိုင်တော့ဘူးလားဆိုတဲ့ အခြေအနေဟာ မေးစရာ မေးခွန်းအဖြစ် ပေါ်ပေါက်လာနိုင်ပါတယ်။ ဒီလိုလည်းမဟုတ်ပါဘူး။ ဘာသာရေးမှာ လွတ်လပ်စွာ ကူးပြောင်းနိုင်ခွင့် အခွင့်အရေးတွေ ပေးရပါမယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ဥပမာအားဖြင့် တင်ပြရလျှင် ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိဘရိုးရာဘာသာနဲ့ သူ့ရဲ့ ဇနီးဖြစ်တဲ့ ဒေါ်ခင်ကြည် ရဲ့ ရိုးရာဘာသာရေးက မတူညီဘူး ဆိုတာ ကျွန်တော် သိရပါတယ်။ ကျွန်တော်တို့ ငယ်စဉ်ဘဝတုန်းက အာဇာနည်ခေါင်းဆောင်ကြီးရဲ့ဇနီး ဒေါ်ခင်ကြည် ရဲ့ ဘာသာက သူ့ ယောကျာ်းဖြစ်တဲ့ ဘာသာကို ကူးပြောင်းပြီးဖြစ်တယ်လို့ ကျွန်တော်တို့ လူကြီးမိဘတွေ ပြောတာမှတ်မိ

ပါတယ်။ ဒါပေမဲ့ ဒေါ်ခင်ကြည် ရဲ့ စျာပနကို ကျွန်တော်ရောက်ပါတယ်။ ရောက်တဲ့အခါကျလို့ရှိရင် ကျွန်တော်ကတော့ ကျွန်တော့်ရိုးရာဘာသာနဲ့ဦးချရှိခိုးပေမယ့် သူတို့ ဒီ Cross အထိမ်းအမှတ်ရှိတဲ့ ဘာသာတွေ လာပြီး ဝတ်ပြုဆုတောင်းတာတွေ ကျွန်တော် တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြောသလိုပေါ့နော်။ သူတို့ Cross ရှိတဲ့ ဘာသာရေးအဖွဲ့အစည်းကြီးတွေက သူတို့ဘာသာဝင်မို့ သတ်မှတ်လို့ပဲ ပြောနေလား၊ ပြုလား၊ မပြုလား ဆိုတာ ကျွန်တော် ကာယံရှင်မဟုတ်တဲ့အတွက်လည်း မသိပါဘူး။ ဒေါ်ခင်ကြည် ကလည်းပဲ ဒီကိစ္စနဲ့ ပတ်သက်လို့လည်း ပြောနိုင်တဲ့အခြေအနေ မရှိတော့ပါဘူး။ သူကိုယ်တိုင် စျာပနအစီအစဉ်မှာ လဲလျောင်းနေတဲ့ အခြေအနေကို ရောက်နေပါပြီပေါ့နော်။

အဲဒီတော့ ကျွန်တော်ဆိုလိုတဲ့သဘောက ကျွန်တော်တို့နိုင်ငံမှာတော့ ဘာသာ ကူးပြောင်းခြင်း ဆိုတာလည်း ဖြစ်နိုင်တယ်။ ဖြစ်သင့်၊ ဖြစ်ထိုက်တဲ့အနေအထားရှိတယ်။ ဖြစ်လား မဖြစ်လား ဆိုတာတော့ ကာယကံရှင်တွေရဲ့ နူးညံ့သိမ်မွေ့မှုပေါ် မူတည်တဲ့အတွက် ပတ်ဝန်းကျင်က လူတွေက အလွယ်တကူမသိနိုင်ပါဘူးပေါ့နော်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့လူမျိုးကတော့ အခုနက တစ်ယောက်ပြောသလို၊ ဘာသာရေးနဲ့ပတ်သက်လို့ကလည်း သိပ်ပြီးတော့လည်း Sensitive မဖြစ်ပါဘူး။ ဥပမာအဖြစ် ကျွန်တော်တင်ပြရရင် ကျွန်တော်တို့နိုင်ငံမှာ လူကြိုက်အများဆုံးတေးဂီတ အဖွဲ့ထဲက Iron cross ခေါ်တဲ့ IC တေးဂီတဆိုတာဟာ ဒီ ခရစ်ယာန်ဘာသာရဲ့အထိမ်းအမှတ်ကို ယူထားတာပါ။ ဒီစင်မြင့်အောက်မှာ ကျွန်တော်အပါအဝင် ကခုန်မြူးထူးနေတဲ့ လူအားလုံးဟာ ဗုဒ္ဓဘာသာဝင်တွေပါ။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့ လူမျိုးက ကိုယ်ကဗုဒ္ဓဘာသာဖြစ်ပေမယ့် တခြား Cross အထိမ်းအမှတ် ရှိတဲ့အောက်မှာ ကခုန်မြူးထူးနိုင်ပါတယ်ပေါ့နော်။ ကျွန်တော်တို့ အားပေးနိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့က လူမျိုးက အများစုဖြစ်ပေမယ့် ဘာသာရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ Flexible ဖြစ်တယ် ဆိုတဲ့သဘောကို တင်ပြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၃၄ မှာပြောတဲ့ လွတ်လပ်စွာ ယူဆခွင့် ဆိုတာက လွတ်လပ်စွာ ရွေးချယ်ခွင့်မဟုတ်ပါဘူး။ အဲဒီတော့အခုနက ကျွန်တော့်ရှေ့က တစ်ယောက်ပြောတဲ့ ဖွဲ့စည်းပုံအခြေခံ ပုဒ်မ ၃၀၅ မှာလည်း လွတ်လပ်စွာဆောင်ရွက်ခွင့်ကိုပဲပြောတာပါ။ လွတ်လပ်စွာယူဆခွင့်၊ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ဆိုတာက ကိုယ့်ဘာသာမှာရှိတဲ့ အလုပ်ကိစ္စတွေနဲ့ပတ်သက်လို့ လွတ်လပ်စွာဆောင်ရွက်ခွင့်၊ ယူဆခွင့်ရှိတယ်လို့ပြောပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာတောင်မှ ဥပမာ သံဃနာယက တစ်ပါးတည်း မခန့်နိုင်ပါဘူး။ (၄၇)ပါး ထားရတာ။ ဒါဟာ ဘာအထိမ်းအမှတ်လည်း ဆိုလို့ရှိရင် ကျွန်တော်တို့ ဘာသာမှာလည်း ကွဲပြားမှုရှိတယ် ဆိုတဲ့သဘောကို ညှိနှိုင်းမှု မလုပ်ပါတော့နဲ့။ လွတ်လပ်စွာ ဆောင်ရွက်ခွင့်၊ ယူဆခွင့်ရှိတယ်လို့ သဘောပြောတာပါ။ ကျွန်တော်တို့ တချို့ဆိုလို့ရှိရင် သပိတ်ထဲမှာ တစ်ခါတည်းထည့်ပြီး ဘုဉ်းပေးတဲ့သူရှိတယ်။ ဇွန်းနဲ့ ပန်းကန်နဲ့ ဘုဉ်းပေးတဲ့သူ ရှိတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ညှိနှိုင်းမှုမလုပ်ပါနဲ့။ ကိုယ့်ဘာသာကို လွတ်လွတ်လပ်လပ် ယူဆခွင့်လုပ်ပါလို့ ပြောတာပါ။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပြောတဲ့ လွတ်လပ်စွာ ယူဆခွင့်နဲ့ ဆောင်ရွက်ခွင့်ပဲ ပြောတာပါ။ လွတ်လပ်တာက ရွေးချယ်ခွင့်မဟုတ်ပါဘူး။ လွတ်လပ်စွာ ရွေးချယ်ခွင့်ပြုဖို့ ဆိုလို့ရှိရင်လည်း ပြုဖို့အတွက်က နောက်ခံအကြောင်းအရာတွေ အများကြီးရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မွေးစကနေ (၁၈)နှစ်ဆိုတာ လူလားမြောက်တဲ့အရွယ်ပါ။ ဒီအရွယ်မှာ မိဘတွေရဲ့ ရိုးရာဘာသာကိုပဲ သက်ဝင်ယုံကြည်တယ်လို့ပြောရမှာပါ။ ဒီအချိန်မှာ တခြား

ဘာသာကနေပြီးတော့ မြှုဆွယ်တရားဟောမယ်ဆိုလို့ရှိရင် ကျွန်တော်ကိုယ်တိုင်ကိုက ဒီဘာသာကို Choice နဲ့မရပါဘူး။ ကျွန်တော့် မိဘမျိုးရိုးဆီက မဖြစ်မနေရခဲ့တာပါ။ အဲဒီတော့ ဒီဘာသာ ကျွန်တော် သက်ဝင်ယုံကြည်ပြီးတော့မှ ကျွန်တော့်သားသမီးကို တခြားဘာသာကနေပြီးမှ မြှုဆွယ်မှုလုပ်လို့ရှိရင် ကျွန်တော့်သားသမီးလက်ခံရင်လက်ခံပေမယ့် ကျွန်တော်လက်မခံနိုင်ပါဘူး။ ဒီကိစ္စက ဆိုလို့ရှိရင် ငြိမ်ဝပ်ပိပြားရေးကိုတောင် ထိခိုက်စေနိုင်တဲ့ အခြေအနေမျိုး ပေါ်ပေါက်နိုင်ပါတယ်။ ဒါကြောင့် (၁၈)နှစ်အောက် သားသမီးတွေက မိဘမျိုးရိုးဘာသာကိုပဲ ကိုးကွယ်ရမယ်၊ ကျန်တဲ့ဘာသာရေးကနေ လွှမ်းမိုးမှု မရှိရဘူး ဆိုတဲ့ ကျွန်တော့်ရှေ့က ဦးဉာဏ်လင်း ပြောတဲ့အဆိုအတိုင်း ကျွန်တော်ထောက်ခံပါတယ်။ ဒါကြောင့် ဒီပုဒ်မက ဒီဥပဒေမှာဆိုလို့ရှိရင် မွေးစကနေ (၁၈)နှစ်က မိရိုးဖလာဘာသာကို ကာကွယ်စောင့်ရှောက်ရမယ်၊ ကာကွယ်စောင့်ရှောက်ဖို့ လိုပါတယ်။ ဒါကြောင့် ဦးအောင်ကြည်ညွန့် ပြောတဲ့၊ ဒီဟာလုပ်သွားမှပဲ ပိုပြီးရှုပ်သွားတဲ့ သဘောမျိုး ဖြစ်သွားနိုင်ပါတယ်။

ဥပမာကျွန်တော်က အစ္စလာမ်မိဘက မွေးဖွားတယ်ဆိုရင် အစ္စလာမ် ဖြစ်နေမှာပါ။ ကျွန်တော် ခရစ်ယာန်မိဘတစ်ယောက်က မွေးဖွားလာရင် ကျွန်တော် ခရစ်ယာန်ဖြစ်ပြီး နှစ်နှစ်ကာကာ ယုံကြည်နေမှာပါ။ ဒါဟာ ကျွန်တော်တို့ရဲ့ Choice မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ပြဋ္ဌာန်းချက်ပါပဲ။ ဒါကြောင့် (၁၈)နှစ်အောက် ကိုတော့ မိဘရိုးရာဘာသာကိုပဲ ကိုးကွယ်ရမယ်ဆိုတဲ့ သတ်မှတ် ပြဋ္ဌာန်းချက်ကို ကျွန်တော် ဒီဥပဒေမှာ ပြဋ္ဌာန်းဖို့လိုပါတယ်။ အဲဒီတော့ (၁၈)နှစ်ပြည့်တဲ့နေ့မှာပဲ ဘာသာကူးပြောင်းခွင့် ပေးတော့မှာလားလို့ ကျွန်တော် မေးစရာရနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမိုကရေစီရဲ့ အခြေခံဖြစ်တဲ့ Choice ဟာ ကျွန်တော်တို့အာရှမှာ ဒုတိယကမ္ဘာစစ်ပြီးမှာ ပေါ်လာပါတယ်။ ကျွန်တော်တို့ ဘာသာထဲမှာဆိုရင် သက်တမ်းအနုဆုံးဖြစ်တဲ့ အစ္စလာမ်ဘာသာတောင်မှ သက်တမ်း(၁၅၀၀)လောက် ရှိနေပါပြီ။ နှစ်ပေါင်းထောင်ကျော်နေပါပြီ။ နှစ်ပေါင်းထောင်ကျော်ပြီး ခရီးရှည်ဖြတ်ခဲ့ပြီးပါပြီ။ ဒီမိုကရေစီ ဟာဆိုရင် အမေရိကန်မှာတောင်ပဲ နှစ်(၂၀၀)လောက်ပဲ ရှိပါသေးတယ်။ အာရှမှာဆိုရင် နှစ်ပေါင်း ဆယ်ဂဏန်းပဲ ရှိပါသေးတယ်။ ဒီ ဆယ်ဂဏန်း၊ ရာဂဏန်းလောက်ပဲရှိတဲ့ အတွေးအခေါ် အယူအဆကို နှစ်ပေါင်း ထောင်ချီရှိတဲ့ ဘာသာရေးအယူအဆပေါ်မှာ လွှမ်းမိုးမှုပြုခွင့် မပြုဆိုတာ ကျွန်တော်တို့ လက်ရှိ လူသားတွေ ရင်ဆိုင်ရမယ့် ပြဿနာ ဖြစ်နေပါပြီ။

ဒါကြောင့် (၁၈)နှစ်ပြည့်ပြီးတဲ့ လူတစ်ယောက်ကို ဘာသာရေး အယူအဆပြောင်းလဲ ခွင့်ပြုတယ် ဆိုတာဟာ ဒီဘာသာဟာ (၁၈)နှစ်သားတစ်ယောက်က လေ့လာပြီးဖြစ်ပြီလားလို့ မေးခွန်းကိုပါ ထပ်မေးရမှာ ဖြစ်ပါတယ်။ မဖြစ်ပါဘူး။ ဘယ်ဘာသာပဲဖြစ်ဖြစ် ဒီ (၁၈)နှစ်သားတစ်ယောက်က လေ့လာပြီးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ဒီဘာသာကိုလေ့လာဖို့အတွက်က သူ့ကို အနည်းဆုံး (၇)နှစ်လောက် အချိန်ပေးဖို့ လိုပါတယ်။ (၁၈)နှစ်ပလပ်စ် (၇)နှစ်ထပ်ပေါင်းပြီးလို့ရှိရင် (၂၅)နှစ် ရှိပါပြီ။ (၂၅)နှစ်လောက်က ဒီဘာသာရဲ့သြဇာအောက်မှာ သူ (၇)နှစ်လောက် ဖြတ်ပြီးတော့မှ သူမကြိုက်တော့ဘူးဆိုရင် ဒီဘာသာကို စွန့်လွှတ်နိုင်ခွင့် ပထမ Choice အခွင့်အရေး ပေးရမှာပါ။ ဒါကြောင့် ဘာသာကို စွန့်လွှတ် ပိုင်ခွင့်က (၂၅)နှစ် ဖြစ်ရပါမယ်။ ဒီအချက်ကိုလည်း ဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ရပါမယ်။

ဒါဟာ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ သဘောပါပဲ။ ကျွန်တော်တို့ ကွန်ပျူတာဆော့ဝဲလ် တစ်ခုကို ဒီနေ့ မကြိုက်ရင် မနက်ဖြန်ပြင်လို့ရပါတယ်။ အဝတ်အစားတစ်ခုကို ဒီနေ့မကြိုက်ရင် မနက်ဖြန် ချွတ်လို့ရပါတယ်။ ဘာသာတစ်ခုက ကြိုက်မကြိုက် ဆိုတဲ့လေ့လာမှုကတော့ အနည်းဆုံး (၇)နှစ်လောက်သင့်တော်

လျော်ကန်တဲ့အတွက် (၇)နှစ်လောက်ပြဋ္ဌာန်းပေးစေလိုပါတယ်။ ဒါကြောင့် ဒီ(၇)နှစ်၊ အသက်(၂၅) ပြည့်မှသာ ဒီဘာသာကို စွန့်လွှတ်နိုင်ခွင့်ပေးဖို့ အချက်ကိုလည်း ဒီဥပဒေမှာ ရေးဆွဲပြဋ္ဌာန်း ပေးရပါမယ်။ အဲဒီတော့ ဒီဘာသာတစ်ခုခုကို အသက်(၂၅)မှာ လူတစ်ယောက်က စွန့်လွှတ်ပြီးပြီဆိုလို့ရှိရင်၊ သူ့ရဲ့ မိရိုးဖလာကို စွန့်လွှတ်ပြီးပြီ ဆိုလို့ရှိရင် နောက်ဘာသာကူးပြောင်းဖို့ကို အဆင်သင့်ဖြစ်ပြီလား ဆိုရင် မဖြစ်ပါဘူး။ နောက်ဘာသာ တစ်ခုကလည်း ခက်ခဲသိမ်မွေ့တဲ့ ဘာသာတွေပဲ ဖြစ်မှာပါ။ ဒီဘာသာတွေ အတွက် Observation Time လေ့လာဖို့ကတော့ အနည်းဆုံး(၃)နှစ်လောက် အချိန်ပေးရမှာဖြစ်ပါတယ်။ ဒီဘာသာကို မင်းက အခုတော့ မင်းက မူရင်းဘာသာ မိဘဘာသာကို စွန့်ပြီးပြီ။ အသက်(၂၅)မှာ၊ နောက် လွတ်လွတ်လပ်လပ် လေ့လာတော့။ လေ့လာတဲ့အခါမှာ ဘယ်ဘာသာမှ မကြိုက်ဘူးဆိုရင် ဒီအတိုင်းပဲ နေတော့။ ပြီးတော့ သူ့ရဲ့ Free ဘာသာမဲ့ဘဝ၊ နောက်ဘာသာကို လေ့လာတဲ့ဘဝကို အနည်းဆုံး (၃)နှစ် ပြဋ္ဌာန်းပေးရမှာပါ။ ဒီလို (၃)နှစ် ပြဋ္ဌာန်းပေးပြီးလို့ရှိရင် အသက်(၂၈)နှစ် ဖြစ်သွားပါပြီ။ အဲဒီ(၂၈)နှစ်ကျမှ သူ့ရဲ့ရွေးချယ်ခွင့်အနေနဲ့ နောက်ဘာသာတစ်ခုကို လိုလားလာပြီးဆိုလို့ရှိရင် အဲဒီတော့မှ သက်ဆိုင်ရာ ကော်မတီကို တင်ပြပြီးတော့မှ အသက်(၂၈)နှစ်ကျမှ ဘာသာကူးပြောင်းခွင့်ရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ လူ့သဘာဝမှာ ဆိုတာမျိုးက ဥပမာ အကယ်၍ အသက်(၄၀)အထိ ပြဋ္ဌာန်းမယ် ဆိုရင်၊ အသက်(၄၀)ဆိုတာ လူ့ဘဝရဲ့အဓိပ္ပာယ် ပြည့်စုံနေပါပြီ။ ဂျော့ဘားနပ်ရှော ကတော့ ဘာပြောလဲဆိုတော့ အသက်(၄၀)ပြည့်ရင် လူယုတ်မာဖြစ်ပြီလို့တောင် ပြောပါတယ်။ ဒီအရွယ်ကတော့ ဘာသာရေး ကူးပြောင်းခွင့်နဲ့ လေ့လာခွင့်၊ ကူးပြောင်းခွင့် မလိုအပ်တော့ဘဲနဲ့ (၄၀)မှာတော့ အလွယ်တကူ ပေးရမှာ ဖြစ်တယ်။ အသက်(၄၀)ကျော်တဲ့ လူတစ်ယောက်က ဘာသာရေးကူးပြောင်းခွင့် လျှောက်ထားရမှာတော့ ချက်ချင်းပေးလိုက်ပါတော့။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာရေးနဲ့ပတ်သက်တဲ့ ဘာသာစွန့်တဲ့၊ ဘာသာမဲ့တဲ့ အယူအဆဟာ အလွန်ခက်ခဲပါတယ်။ ကမ္ဘာပေါ်မှာ ဘာသာမဲ့အယူအဆကိုနဂိုတည်ထောင်ခဲ့တဲ့ သူက ဆရာကြီး ယန်းပေါ့ဆော့ လို့ တွင်ပါတယ်။ သူဟာ ဘုရားကို လက်ခါပြတဲ့သူ၊ ဘာသာမဲ့ အဖြစ်ကို ကမ္ဘာကျော် လက်ခံတဲ့သူပါ။ ဒါပေမဲ့ ယန်းပေါ့ဆော့ ရဲ့အနေအထားက ကမ္ဘာကျော် ဒဿနိကဗေဒ ပညာရှင်ပါ။ သူလို အဆင့်ရောက်မှသာ ဘာသာရေးကို စွန့်နိုင်ပါတယ်။ ကျန်တဲ့သူတွေ က မစွန့်နိုင်ပါဘူး။ သူ့ရဲ့ ဈာပန အခမ်းအနားကို ပြင်သစ်သမ္မတကြီးကိုယ်တိုင် တလေးတစား ပို့ရတဲ့ဘဝပါ။ သူကိုယ်တိုင် ကလည်း ဘာသာမဲ့အဖြစ်နဲ့ အသက်ကို စွန့်လွှတ်တဲ့သူပါ။ သူက စွန့်တဲ့ အကျင့် ကျင့်တဲ့သူပါ။ သူက နိုဘယ်ဆုအဖွဲ့ကို နဂိုပြောတဲ့သူပါ။ ငါ့ကို နိုဘယ်ဆုမပေးနဲ့ ပေးရင် ငါငြင်းမှာပဲ။ အဲဒီတော့ ငါငြင်း တော့မှာ ငါ့ပြောမယ်ဆိုရင် သူ နဂိုပြောပြီးသားကို သူ့ကို နိုဘယ်ဆုအဖွဲ့က ပေးတယ်။ သူငြင်းပါတယ်။ ငွေကြေးကိုလည်း ငြင်းတယ်၊ ဆုတံဆိပ်ကိုလည်း ငြင်းတယ်။ သူ့ဘဝက လုံးဝ လွတ်လပ်ခွင့် ရှိရမယ်။ နိုဘယ်ဆုကြေးနဲ့ ငွေတံဆိပ်ကို လုံးဝလွှမ်းမိုးမှုကို မခံဘူးဆိုတဲ့သူပါ။

ဒီလိုဘာသာတရားကို စွန့်လွှတ်တဲ့သူက ဘုရားကျောင်းမှာ လက်ထပ်လို့မရပါဘူး။ လက်ထပ် လို့ မရတဲ့အတွက် သူနဲ့ ဆိုင်မွန်ဒီဗူးဗွား တို့က Living Together နေရတာပါ။ သူတို့ နေရတဲ့ဘဝက ဘာသာမရှိလို့ Living Together နေရတာပါ။ ကျွန်တော်တို့က ဘာသာရှိပြီးတော့မှ Living Together လုပ်တယ် ဆိုတာ ဒီဘာသာကိုဆန့်ကျင်တဲ့သူပါ။ တစ်နည်းအားဖြင့် ပြည့်တန်ဆာ အလုပ်ကို လုပ်နေသူပဲ ဖြစ်ပါတယ်။ အဲဒီတော့ Living Together လုပ်တယ်ဆိုတဲ့ လူတွေဟာ ဘာပြောရမလဲဆိုရင်

မင်းဘာသာမဲ့လား၊ ဘာသာမဲ့လုပ်ပြီးမှ Living Together လုပ်ပါ။ ဘာသာ ရှိရင် ဘာသာရဲ့ ကန့်သတ်ချက်တွေ အတိုင်းနေပါလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူသားဘဝတွေဟာ မလွဲမရှောင်သာနဲ့ ဘာသာရေးနဲ့ပါလာတာ။ ဒီစိတ်ကို အခြေခံတဲ့ဘာသာ ဖြစ်တယ်။ နိုင်ငံရေးအခြေခံတဲ့ သဘောတရား အယူအဆတွေ ကျွန်တော်တို့က ရေးဆွဲမပြဋ္ဌာန်းသင့်ပါဘူး။ ဒီရေးဆွဲပြဋ္ဌာန်းတဲ့ ဥပဒေဟာ နိုင်ငံရေးကို အခြေခံ ရေးဆွဲပြဋ္ဌာန်းတဲ့အတွက် ချို့ယွင်းချက်၊ အားနည်းချက်ရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဆရာတော် ဦးဗုဓ် က တစ်ခါပြောဖူးပါတယ်။ ဆရာတော်တစ်ဦးက ပြင်စရာရှိပြင်ပါ။ ထုံးတို့ပေးပါ ပြောတဲ့အခါမှာ နောက်တစ်နေ့မှာ ဆရာတော်ဦးဗုဓ် က သူ့ ပုရပိုက်ကြီးကို ထုံးပုံးထဲ နှစ်ချလိုက်တယ်။ မင်းဟာ ငါပြင် လိုက်တယ်။ ဟိုထုံးပုံးထဲမှာ မင်း သွားဆယ်လိုက်လို့ ပြောတာပေါ့နော်။ လက်ရှိ ရေးဆွဲထားတဲ့ ကိုးကွယ်ရာဘာသာကူးပြောင်းခွင့် ဥပဒေကတော့ ထုံးပုံးထဲ နှစ်ရမယ့် အခြေအနေ ဖြစ်နေပါပြီ။ အဲဒီတော့ ဒီလို ခုနကပြောတဲ့ အသက်ကန့်သတ်ချက်တွေ၊ ဘာသာရေး ကန့်သတ်ချက်တွေ လူ့ဘဝရဲ့ အခြေအနေကို ဖော်ပြထားခြင်း မဖြစ်တဲ့ ဘာသာရေးအတွက် ဒီဥပဒေကို ပြုပြင်ပြောင်းလဲပြီး ရေးဆွဲသင့် ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ် ခင်ဗျာ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဝူ ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အင်္ဂလိပ်ဝေါဟာရ အနည်းအကျဉ်း ထည့်သွင်းဆွေးနွေးခွင့်နဲ့ ဖတ်ကြားခွင့်ကို ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအဆိုက ပြဋ္ဌာန်းရန်၊ အတည်ပြုရန် မသင့်တော်သေးသော ဥပဒေဖြစ်လို့ ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပညာရှင်တစ်ဦးက ပြောပါတယ်။ ဒီမိုကရေစီဆိုတာ မျက်လုံးနှစ်ဖက်ကို ပဝါစီးပြီး လက်နှစ်ဘက်ကို ကြိုက်သလောက် ရမ်း၊ ကြိုက်သလောက်ရမ်း ဘာမှမဖြစ်သေးသရွေ့ ဒီမိုကရေစီ ရှိနေတုန်းပါပဲ။ သို့သော် သူတစ်ပါး၏ နှာခေါင်းထိပ်ကို မိမိရဲ့လက်ညှိုးထိပ်နဲ့ ရိုက်ခတ်မိသည်နဲ့ ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးသွားပါပြီ။ ဘာကြောင့်လဲဆိုတော့ သူတစ်ပါးရဲ့ ဒီမိုကရေစီကို ထိခိုက်မိလိုက်လို့ပဲ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ UN Declaration on Human Rights ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ (၁၉၃)နိုင်ငံ၊ မြန်မာနိုင်ငံအပါအဝင် အားလုံးကိုအကျုံးဝင်တာဖြစ်ပါတယ်။

စကြဝဠာနှင့်ဆိုင်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ညီမျှခြင်းသည်ဟူသော လောကပါလတရား ထွန်းကားသော နိုင်ငံများအားလုံး လူတိုင်း၊ နိုင်ငံတိုင်း အတွက်ဖြစ်လို့ ဘာဖော်ပြ ထား

သလဲဆို Sense of being Universal, Egalitarian, sense for everyone, National and International လို့ ဖော်ပြထားပါတယ်။ အဲဒီကြေညာစာတမ်းပါ စာပိုဒ် အပိုဒ် (၁၈) မှာ Everyone has Freedom of thought Conscience and Religion this Right Includes Freedom to change his Religion Or Belief And Freedom, either alone Or in Community With Others And Public Or Private To Manifest his Religion Or Belief In Teaching, Practice, Worship And Observance အပိုဒ်(၁၈) လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာ သက်ဝင် ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ မိမိကိုးကွယ်သည့် ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲ နိုင်ခွင့် ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ ဖြစ်စေ၊ ပြည်သူ အများရှေ့မှောက်တွင်သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲသော် လည်းကောင်း၊ မိမိကိုးကွယ်သော ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ တင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့်နဲ့ ဆောက်တည်နိုင်ခွင့် တို့လည်း ပါဝင်ပါတယ်။

Article 19 မှာဆိုရင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်၊ Article 20 မှာဆိုရင် အေးချမ်းစွာ စုရုံးနိုင်ခွင့်တွေ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၄ မှာတော့ ငြိမ်ဝပ်ပိပြား ရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး နှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြား ပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေး တို့ကို အညီအမျှ ရရှိစေရမည်။ ပုဒ်မ ၃၅၃ မှာလည်း ပုဒ်မခွဲ(က)မှာ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယုံကြည်ရာဆိုတာ Faith ဖြစ်ပါတယ်။ ကိုးကွယ်ရာဆိုတာလည်း Belief၊ ရှိခိုးကိုးကွယ်ရာဆိုတာက Worship And Adore စသည်တို့သည် နာမ်၊ လောကုတ္တရာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးရာ၊ ယုံကြည်ရာအယူဝါဒ၊ ကောင်းကင်နိုင်ငံရောက်ကြောင်း၊ နိဗ္ဗာန်ဘုံရောက်ကြောင်း Spiritual သပ်သပ်ဖြစ်၍ နိုင်ငံတော်အနေနဲ့ ကန့်သတ်ချုပ်ချယ်တဲ့ဥပဒေကို မပြဋ္ဌာန်းသင့်ဘူးလို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဩတ္တပ္ပ စိတ်ကိုပါ ကန့်သတ် ထိန်းချုပ်တဲ့ ဥပဒေ ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ သာသနာတော်ကို ခြံစည်းရိုးခတ်ချင်သပဆိုရင် မိမိရဲ့ဘာသာ၊ သာသနာအတွင်း၌သာ ခတ်သင့်ပါတယ်။ နိုင်ငံတော်က ဘာသာရေးအပေါ် တအားကြီး ဝင်ရောက် မစွက်ဖက်သင့်ပါဘူး။ အလျဉ်းသင့်လို့ဖော်ပြရရင် ကျွန်တော်တို့ရဲ့ ရိုမန်ကက်သလစ် ဘာသာ၊ သာသနာတော်မှာဆိုရင် Ten COMMANDMENT SOF GOD ဘုရားသခင်ရဲ့ ပညတ်တော်(၁၀)ပါး၊ အသင်းတော်ရဲ့ ပညတ်တော် (၆)ပါး။ CODE OF CANAN LAW ဘာသာရေးနဲ့သာသနာရေးရဲ့ဥပဒေကြမ်းဟာဆိုရင် ပုဒ်မ ၁၇၅၂ ပုဒ်မ ရှိပါတယ်။ ၁၅၇၃ ပုဒ်မ မှာဆိုရင် Mixed Marriage ကို ဖော်ပြထားပါတယ်။ အဲဒီ Mixed Marriage က ဘာသာခြားနဲ့လည်း လက်ထပ်လို့ရပါတယ်ဆိုတာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီမှာ ကတိပဲ(၂)ခု ကျွန်တော်တို့ကို ထိန်းချုပ်ပေးထားပါတယ်။ အဲဒီကတိက ဘာလဲဆိုရင် ကျန်းမာသည်ဖြစ်စေ၊

ဖျားနာသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ရာသက်ပန်၊ ရိုးမြေကျ၊ သစ္စာရှိရှိ ပေါင်းသင်း ပါမည်ဆိုပြီးမှ ကတိပြုရပါတယ်။

နောက်တစ်ခုက မိမိရဲ့ ယုံကြည်ရာ Faith ဘာသာ၊ သာသနာရေးကို မိမိရဲ့ခင်ပွန်းကို လုံးဝ ရိုင်းပင်းကူညီရမယ်။ မွေးဖွားလာသော သားသမီးများကို BAPTISM ဆိုတဲ့ ဆေးကြောခြင်း မင်္ဂလာ စက္ကရာမင်းတူး နှစ်ခြင်းခံခြင်း ခံပေးရမယ်ဆိုတဲ့ အဲဒီကတိ(၂)ခု ပေးလိုက်တာနဲ့ ကျွန်တော်တို့ကို International ပဲ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဘာသာသာသနာရေးရဲ့ဥပဒေက သီးသန့်၊ နိုင်ငံတော်ရဲ့ဥပဒေက သီးသန့် ဒီလိုဖြစ်သင့်ပါတယ်။ တရုတ်နိုင်ငံလို ကွန်မြူနစ် နိုင်ငံမှာတောင်မှ ဘာသာရေးလုပ်လို့ ရပါတယ်။ ဘာသာရေး လုပ်ချင်သပဆိုရင် ဝန်ထမ်းဘဝက စွန့်လွှတ်ရတာ ဖြစ်ပါတယ်။ ဘာသာရေးကို သီးခြား အဲဒီလို လောကုတ္တရာရေးမှာ သီးခြား ဒီလိုလုပ်သွား၊ အားထုတ် သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း နိုင်ငံရေးက ဒီဘာသာရေးကို မထုတ်ပယ် နိုင်သရွေ့တော့ ဒီမိုကရေစီထွန်းကားဖို့ ခက်ခဲမှုရှိနေဦးမှာပဲလို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ အခုလို ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကို အတည်ပြုလိုက်ပါက မွေးရာပါ အခြေခံ အခွင့်အရေးနဲ့ အစောက ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ ကုလသမဂ္ဂကြေညာစာတမ်း ပုဒ်မ ၁၈၊ ၁၉၊ ၂၀ စသည်တို့ကို လုံးလုံးကြီးဆန့်ကျင်လိုက်တာနဲ့ အတူတူပါပဲ ဖြစ်ပါတယ်။

ကျွန်တော့်အရင် ဆွေးနွေးသွားကြတဲ့ ဝန်ကြီးချုပ်ဦးနု ရဲ့ဝါဒကို နောက်ပြန်လှည့်တာ၊ နေတာ ဖြစ်ပါတယ်။ ပြည်သူများကသာမက နိုင်ငံတကာကလည်း ဒီလိုပဲ မြင်နေကြပါတယ်။ အခု နှုတ်ကတော့၊ ကျွန်တော်တို့အနေနဲ့တော့ နောက်ကြောင်းမလှည့်ဘူးလို့ ပြောနေပါတယ်။ သို့သော်လည်း အမြင်မှာ ကတော့၊ လက်တွေ့မှာကတော့ ဒီလိုဖြစ်နိုင်ဖွယ်ရာ ရှိနိုင်ပါတယ်။ FDI ရင်းနှီးမြှုပ်နှံမှုသည်လည်း တော်တော်များများ လန့်နေကြလို့ မလာရဲကြပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျေးလက်တောသူ၊ တောင်ပေါ် သားများက မြို့နယ်အုပ်ချုပ်ရေး၊ ဘာသာသာသနာရေးဦးစီးမှူး၊ လဝကဦးစီးမှူး မပြောလေနဲ့ မိမိတို့ရဲ့ ရပ်/ကျေးဥက္ကဋ္ဌ၊ ရာအိမ်မှူးတို့၊ ဆယ်အိမ်မှူးတို့ကို တွေ့ဖို့တောင် အရမ်းခက်ခဲပါတယ်။ မှတ်ပုံတင်အဖွဲ့ အခုတော့ ယင်းတို့ရဲ့ရုံးစိစစ်ရေးအဖွဲ့(၁၀)ဦး၊ (၇)ရက်ရုံးချိန်း၊ မြို့တက်၊ ရုံးတက်၊ အဖွဲ့ဝင်များက ပြန်မဆုံ၊ ရက်ပေါင်း(၉၀)ထက် မနည်းသော ကာလသတ်မှတ်ခြင်း၊ ကာလကုန်ဆုံးပါက တိုးမြှင့်ပေးရန် တောင်းခံ လာပါက နောက်ထပ် (၉၀) ရက် တိုးမြှင့်ပေးခြင်း စသည့် Procedure များသည် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ကူးပြောင်းနိုင်ခွင့်ကို ခက်ခဲကြာရှည်အောင် ကန့်သတ်လိုက်တာနဲ့ပဲ တူညီပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁၁) ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသည့်အကြောင်းအရင်း (ဃ)မှာဆိုရင် ကူးပြောင်းလိုသည့် ကိုးကွယ်ရာ ဘာသာရေးအခြေခံ သဘောတရား စသည်တို့သည် ဝန်ကြီးဌာန၏ တာဝန်ဝတ္တရားသာ ဖြစ်ပါတယ်။ ဥပမာ ဗုဒ္ဓ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ မိရိုးဖလာနတ်ကိုးကွယ်ဘာသာတို့ရဲ့ သွန်သင်ချက် အခြေခံသဘောတရား စသည် တို့ကို သာသနာရေးဝန်ကြီးဌာနမှ လေ့လာပြီး မိဘပြည်သူများကို သတ္တိရှိရှိချပြမှသာ လေ့လာခွင့်ရှိ တော့မှာ ဖြစ်ပါတယ်။ သာသနာရေးဝန်ကြီးဌာနကလည်း ဗုဒ္ဓဘာသာသာသနာ တစ်ခုတည်းရဲ့ ဝန်ကြီး ဌာနလိုပဲ ဖြစ်နေတယ်လို့ အများပြည်သူက ဝေဖန်သုံးသပ်နေကြပါတယ်။ အစောက ကိုယ်စားလှယ် တော်ကြီး ဦးအောင်ကြည်ညွှန့် ပြောသလို ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဘာသာကြီး(၅)ပါးရဲ့ ညီတူညီမျှ

ခွဲဝေမှု၊ လှူဒါန်းမှုအစုစု ဖြစ်ရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းများလည်း ထိုဘာသာကြီး(၅)ပါးမှ တူညီမျှတစွာ ခွဲဝေပေးသင့်တယ်လို့ ထင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အားလုံးကလည်း မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေပဲ ဖြစ်ကြလို့ပါပဲ။ ဒါမှလည်းလောကပါလတရားနဲ့လည်း ညီမျှမှာ၊ ထွန်းလည်းထွန်းကားလာနိုင်တော့မှာ ဖြစ်ပါတယ်။ ပုဒ်မ ၇၊ ပုဒ်မခွဲငယ်(ဆ)၊ ပုဒ်မခွဲငယ်(၂) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရန် ဆန္ဒမရှိတော့ကြောင်း တင်ပြလျှင် ယင်း၏တင်ပြချက်ကို သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားလျှောက်လွှာကို သိမ်းဆည်းထားရမည်။ ဒီပုဒ်မခွဲငယ်ကို ကြည့်ခြင်းဖြင့် ကူးပြောင်းလိုသူတွေကို စိတ်ဓာတ်ကျအောင်၊ မကူးပြောင်းနိုင်အောင် ရည်ရွယ်ထားတာကို ဥပဒေမှာပင် ပေါ်လွင်နေပါတယ်။ ကူးပြောင်းခွင့်ပြုသည့် ကိုးကွယ်ရာဘာသာနှင့် သက်သေခံလက်မှတ် စသည်တို့ကို ဆွေးနွေးပါက ဘာသာတစ်ခုကို လေ့လာပြီး၊ စိတ်ဝင်စားပြီး သက်ဝင်ယုံကြည်ပြီး သက်ပြည့်ပါက လွတ်လပ်စွာ ပြောင်းလဲ ကိုးကွယ်နိုင်ပါတယ်။ မှတ်ပုံတင်မှာ ကိုးကွယ်သည့်ဘာသာ ပြောင်းပေးလိုက်ရုံပါပဲ။ စိုးရိမ်လွန်းလို့ ဥပဒေတွေ၊ နည်းဥပဒေတွေ တအားကန့်သတ် ချုပ်ချယ်လိုက်ပါက တစ်ဘက်မှာ တအားချုပ်ချယ်တဲ့မိဘ၊ စည်းကမ်း တအားတင်းကြပ်တဲ့ မိဘတွေ ဖြစ်သွားမှာကိုလည်း စိုးရိမ်ရပါတယ်။

ဘာသာရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပူတာအိုခရိုင်မှာ ခရစ္စမတ်ပွဲတွေ၊ ဘုရားမွေးနေ့ပေါ့၊ ဘုရားရဲ့ရှင်သန်ထမြောက်ပွဲတွေ Easter Passover, Thanks Giving ကျေးဇူးတော်ချီးမွမ်းပွဲ၊ ကောက်သစ်စားပွဲတွေ၊ တစ်ကမ္ဘာလုံးမှာကျင်းပတဲ့ပွဲတော်တွေပါပဲ။ ဗုဒ္ဓဘာသာသာသနာ မှာလည်း ဒီလို အခါကြီး၊ ရက်ကြီးတွေ၊ အရေးကြီးတဲ့ ပွဲတော်မြတ်တွေ အများကြီးရှိပါတယ်။ ပွဲမိန့်ကို ကျွန်တော်တို့က (၂)လကျော် ကြိုတင်တောင်းရပါတယ်။ ဌာနဆိုင်ရာ (၁၀) ခုတို့ရဲ့ ထောက်ခံချက်တွေ ရယူရပါတယ်၊ အဲဒီ ဌာနဆိုင်ရာမှာတွေလည်း လက်နှိပ်စက်ကြေးတွေ၊ ကွန်ပျူတာကြေးတွေ၊ ဓာတ်ဆီ၊ ဒီဇယ်ကြေးတွေ စသည်ဖြင့် (၅၀၀၀)မှ (၁၀၀၀၀)၊ ဦးစီးမှူးက မရှိ၊ အကြိမ်ကြိမ်သွားလာတော့ ပွဲမိန့်ရဖို့က (၁)သိန်းခွဲနဲ့ (၂)သိန်းခွဲကြားမှာ ကုန်ကျတယ်လို့ ဘာသာ ပြည်သူလူထုတွေ က တင်ပြကြပါတယ်။ ပြောချင်တာကတော့ ကျွန်တော်တို့ နည်းဥပဒေတွေ များလာတာနဲ့အမျှ ကျွန်တော်တို့ Procedure တွေလည်း တော်တော်များလာတာပဲ။ တချို့ အခွင့်အရေး သမားတွေကလည်း ဒီ Procedure ကို အခွင့်ကောင်းယူပြီးမှ တရားနာ၊ ဆုတောင်း၊ ဝတ်ပြုပြီး စားသောက်ကြရမှာပဲ ဖြစ်ပါတယ်။ ဒီလို ပေါ်တဲ့ဝက်တွေကိုလည်း (၃၀၀၀၀)ကျပ်၊ အမဲဆိုရင် (၄၀၀၀၀)ကျပ်၊ အခွန်စည်းကြပ်ပြီး စည်ပင်တွေလည်း ဒါ စီးပွားရေးသဖွယ် ဖြစ်လာတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ဒီလို မိမိရဲ့ သြတ္တပ္ပစိတ်ကို ချုပ်ချယ်တဲ့ နောက်ပြန်ဆွဲပြီး အခွင့်အရေးသမားတွေအတွက် အခွင့်အလမ်းတွေ ပိုမိုပေါ်စေတဲ့ နည်းဥပဒေတွေကို ဖြစ်စေနိုင်တဲ့ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား ကန့်ကွက်ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုလွှတ်တော်က (၁)နာရီလား။ ကျန်တဲ့ အစီအစဉ်ကို မနက်ဖြန်ကို ရွှေ့ဆိုင်းပါ့မယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]